ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (29-7-2004) (၄၃၀၉)

ဂါရဝေါ စ
တော် မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါဘုရင်မင်းမြတ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နီပေါနိုင်ငံအရှေ့ပိုင်းတွင် မကြာသေးမီက ရေကြီးမှုနှင့် မြေပြိုခြင်းများကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နီပေါနိုင်ငံဘုရင်မင်းမြတ် ဂျန်နင်ဒရာ ဘီ၊ ဘီခရမ်ရှားဒေ့ဗ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုများ၏ အကျိုးရလဒ်ကောင်းများကို ပြည်သူများ အပြည့်အဝခံစားနိုင်ရေးတွင် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာနေစေရန် အလိုအပ်ဆုံးဖြစ် မှန်ကန်သော တရားစီရင်မှုကို ပြည်သူတို့ ယုံကြည်စွဲမြဲလာအောင် တရားသူကြီးများက စွမ်းဆောင်ပြ မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ပြည့်ဝစေရန် မိမိကိုယ်မိမိ လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဇူလိုင် ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် စနာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တရားစီရင်ရေးနှင့် ပတ်သက်သည့်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် မျှော်မှန်းပြီး အနာဂတ် နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ညီညွတ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ပေါ်ထွန်းလာစေရန် ဘက်စုံထောင့်စုံက စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း။

ယခုကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပြည့်ပြည့်ဝဝ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❁

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး တက်ရောက်မည်

ရန်ကုန် ဇူလိုင် ၂၉

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကြာမီ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၇-၂၀၀၄ (ကြာသပတေးနေ့)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု နိုင်ငံတကာအဆင့်မီစက်မှုနယ်မြေဖြစ်ထွန်းရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသား စီးပွားရေး ဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးတို့အတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် စီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်မှုဇုန် ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိနေပြီဖြစ်သည်။

စက်မှုဇုန်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှသာ နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၍ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်လုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းရေးတို့အတွက် နိုင်ငံတော်က အလေးထား စီမံအကောင်အထည် ဖော်လျက်ရှိသည်။

ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသများတွင်လည်း စက်မှုဇုန်များကို ထူထောင်ပေးလျက်ရှိရာ သန်လျင်-ကျောက်တန်း စက်မှုဇုန်သည် တစ်ခုအပါအဝင်ဖြစ်သည်။ သန်လျင်-ကျောက်တန်းဒေသသည် ပင်လယ်ဆိပ်ကမ်း တည်ဆောက်နိုင်သည့်ဒေသဖြစ်၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အခြေခံသည့် စက်မှုဇုန်ကြီးအဖြစ် ထူထောင်နိုင်ရန် အဆိုပါ စက်မှုဇုန်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၂၅ရက်နေ့က ရန်ကုန်-သန်လျင်-ကျောက်တန်းကားလမ်းမကြီးပေါ်ရှိ သန်လျင်-ကျောက်တန်းစက်မှုဇုန် စီမံခန့်ခွဲရေးရုံးတွင် ကျင်းပသည့် အထူးစက်မှုနယ်မြေ(သန်လျင်-ကျောက်တန်းဒေသ)နှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် **သန်လျင်-ကျောက်တန်းစက်မှုဇုန်ကို နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေတစ်ရပ်အဖြစ် ဖြစ်ထွန်းလာရေးအတွက် စနစ်တကျ ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲပြီး အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အထူးစက်မှုဇုန်ကြီး ပီပီပြင်ပြင်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏ အကျိုး တိုးတက်ဖြစ်ထွန်းရေးကို ရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

ယခုအခါ ကျောက်တန်း သီလဝါဒေသ၌ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်မှုအပါအဝင် သန်လျင်-ကျောက်တန်းစက်မှုဇုန်ကို လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှအစ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခု ဖြစ်လာစေရေးအတွက် လိုအပ်သည့်အခြေခံ အဆောက်အအုံများကို တည်ဆောက်ပေးထားပြီဖြစ်သည်။

သန်လျင်-ကျောက်တန်းစက်မှုဇုန်သည် နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိထားပြီး ဖြစ်ရာ နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အထူးစက်မှုနယ်မြေ (သန်လျင်-ကျောက်တန်းဒေသ) ဖြစ်ထွန်းလာရေးအတွက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးရေး၊ ရေပေးဝေနိုင်ရေး အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စက်မှုလုပ်ငန်းများ ဖြစ်ထွန်းလာစေရန် အထူးစက်မှုနယ်မြေ (သန်လျင်-ကျောက်တန်းဒေသ)ကို နိုင်ငံတကာအဆင့်မီ စက်မှုနယ်မြေတစ်ရပ် ဖြစ်ပေါ်လာရေး ရှေးရှု၍ တာဝန်ရှိသူအသီးသီးတို့က တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကျင်းပသော ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ဝင်းရွှေ၊ ဒေါ်မာလာသိန်းနှင့် အကြံပေး ပုဂ္ဂိုလ်များ၊ အတွင်းရေးမှူး အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း၊ ပညာရေးလုပ်ငန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဗဟန်းမြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာသင်စရိတ် ထောက်ပံ့ကြေး လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောအိထွေးက ကျောင်း၏ နောက်ခံသမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ကျောင်းသား ကျောင်းသူ ငါးဦးတို့အတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ Max Myanmar Co., မှ ဦးဇော်ဇော်နှင့် ဇနီးဒေါ်ဌေးဌေးခိုင်တို့က ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၅၀၀၀စီနှင့် ကျောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့က လှူဒါန်းသော ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် တစ်နေ့တာ အာဟာရကျွေးမွေးစရိတ်တို့ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းသား၊ ကျောင်းသူတို့က အသီးသီး လက်ခံရယူကြသည်။

ထို့နောက် ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် အဖွဲ့ဝင်များသည် အဆိုပါ ကျောင်းအနီးရှိ သပြေတောရ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကျင်းပသော ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောအိထွေးထံ အလှူရှင် Max Myanmar Co., မှ ဦးဇော်ဇော်၏ ဇနီးဒေါ်ဌေးဌေးခိုင်က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

Myanmar Perspectives အင်္ဂလိပ်ဘာသာစာစောင်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာစာဖတ် ပရိသတ် မျှော်လင့်တောင့်တနေသည့် Myanmar Perspectives အင်္ဂလိပ်ဘာသာ စာစောင် အတွဲ IX 1/2004 ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

ဤစာစောင်တွင် မြန်မာနိုင်ငံ အတွင်း ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသများအား နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်လျက်ရှိမှုများ၊ မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် လေးနိုင်ငံထိပ်သီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ညီလာခံအကြောင်း သိကောင်းစရာများအပြင် ကြည်နူးဖွယ်ကောင်းသော မြန်မာ့ယဉ်ကျေးမှုအလှနှင့် မြန်မာ့သဘာဝအကြောင်း စွယ်စုံသိနိုင်ရန် ပင်တိုင် စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ အတွေးနှင့် အရေးတို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်သည်။ ဤစာအုပ်ကို အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်းက ဖြန့်ဝေပြီး စာတိုက်သေတ္တာ အမှတ် (၈၄၆)နှင့် E-mail: kkh@mptmail.net.mm သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၆ရက်တွင် ပန်းဘဲတန်းမြို့နယ် အထက(၁) ဓေရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဒေါ်နုနုရီနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့-အဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါ်ခင်သိန်းရီတို့က အဖွဲ့ချုပ်လုပ်ငန်းများနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။ (၁၉)

အစုအပြုံလိုက်သေစေနိုင်သည့်လက်နက်များကိစ္စ တိုနီဘလဲ မရိုးသားဟု ဗြိတိန်ပြည်သူအများစု ထင်မြင်

လန်ဒန် ဇူလိုင် ၂၆

အီရတ်နိုင်ငံ၏ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ(ဒဗလျူအမ်ဒီ)နှင့်ပတ်သက်၍ ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် တိုင်းပြည်ကို ရည်ရွယ်ချက်ဖြင့် တမင်သက်သက်လှည့်စားခြင်းမဟုတ်ကြောင်း တရားဝင်အစီရင်ခံစာက ကောက်ချက်ချထားသည့်ကြားမှပင် ဗြိတိန်မဲဆန္ဒရှင် ပြည်သူအများစုကမူ ဒဗလျူအမ်ဒီကိစ္စတွင် ဝန်ကြီးချုပ်တိုနီဘလဲအနေဖြင့် မရိုးသားဟုထင်မြင်ယူဆနေကြကြောင်း ပြည်သူ့သဘောထားစစ်တမ်းအရ သိရသည်။

ဒေးလီးမေးသတင်းစာ၌ ဖော်ပြထားသည့် အိုင်စီအမ်စစ်တမ်း၌ ဒဗလျူအမ်ဒီကိစ္စတွင် ဝန်ကြီးချုပ်တိုနီဘလဲ မရိုးသားကြောင်း ထင်မြင်သူ ၅၉ ရာခိုင်နှုန်းရှိပြီး ရိုးသားစွာ အမှန်ပြောသည်ဟုထင်သူ ၃၆ ရာခိုင်နှုန်းရှိသည်။

ဝန်ကြီးချုပ် တိုနီဘလဲအပေါ် မယုံကြည်မှု ၆၁ ရာခိုင်နှုန်းရှိပြီး ၎င်းအား ယုံကြည်သူ ၃၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ***အင်တာနက်။***

အီရတ်အရပ်သားများအား ဗြိတိသျှတပ်ဖွဲ့ဝင်များ သတ်ဖြတ်မှု ဗြိတိန်တရားရုံးချုပ်သို့ စွဲချက်တင်မည်

လန်ဒန် ဇူလိုင် ၂၇

အီရတ်စစ်ပြီးကာလတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်မှုခံရသူများ၏ အီရတ်မိသားစုခြောက်စု ကိုယ်စားပြုရှေ့နေများက လူ့အခွင့်အရေး ဥပဒေများကို ချိုးဖောက်မှုအဖြစ် ဗြိတိန်တရားရုံးချုပ်သို့ ယခုရက်သတ္တပတ်အတွင်း တင်ပြစွဲချက်တင်မည်ဟု ရိုက်တာက ဖော်ပြလိုက်သည်။

အမှုများတွင် အမေရိကန် ဦးဆောင်သည့် တပ်များဆင်နွှဲသည့် အီရတ်စစ်ပွဲ တရားဝင် ပြီးဆုံးပြီးနောက် အီရတ်အရပ်သား ငါးဦး ဝမ်းရေးအတွက် နေအိမ်မှ ထွက်ခွာကြစဉ် ဗြိတိန် တပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်သတ်၍ သေဆုံးမှု ပါဝင်သည်။

အခြားအမှုတစ်မှုမှာ အီရတ်ဟိုတယ်ဧည့်ကြို ဘာဟာမူဆာ(၂၆)နှစ်သည် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖမ်းဆီးခံရပြီးနောက် ညှဉ်းပန်းမှုဖြင့် သေဆုံးမှုဖြစ်သည်။

ပြောကြား

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် မူဆာနှင့် အခြားအီရတ် လူငယ်ခုနစ်ဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားပြီးနောက် ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် မူဆာ သေဆုံးသွားသည့် လေးရက်အကြာတွင် သူ့အလောင်းကို မိသားစုထံ ပြန်အပ်ခဲ့သည်ဆို၏။ ထိုအမှုကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ခုခံသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ် ခရိုင်အကြီးအကဲဟောင်း ဘဂ္ဂဒက်၌ ပစ်သတ်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၆

အီရတ် လက်နက်ကိုင်သမားများသည် တနင်္ဂနွေနေ့က ကားဖြင့်မောင်းရင်း ပစ်ခတ်သွားသဖြင့် ဆက်ဒမ်ဟူစိန်လက်ထက်က တာဝန်ထမ်းဆောင်ခဲ့သည့် ဒေသန္တရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးနှင့် ၎င်း၏သားဖြစ်သူတို့ သေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့ နာယီရာခရိုင်အကြီးအကဲဟောင်း ဗိုလ်မှူးချုပ်ဒါလစ်ဒါဝေါ့နှင့် ၎င်း၏သားဖြစ်သူတို့သည် ဘဂ္ဂဒက်မြို့ အယ်ဒိုရာ ဆင်ခြေဖုံး၌ ကားမောင်းလာစဉ် အခြားကားတစ်စီးမှ အီရတ် သေနတ်သမားများက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

လက်နက်ကိုင်သမားများသည် ထွက်ပြေးသွားကြကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ခေါင့်ကြပ်

ဇူလိုင် ၂၅ ရက်က ဘဂ္ဂဒက်မြို့ ဩစတြေးလျ သံရုံးရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဩစတြေးလျတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၂၆ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့ အဝေးပြေးလမ်းမပေါ်တွင် ဖြတ်သန်းမောင်းနှင်သွားသည့် အမေရိကန် ယာဉ်တန်းနှင့် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ပြန်ပေးဆွဲမှုများဆက်လက်ဖြစ်ပွား၊ ဘဂ္ဂဒက်မြောက်ဘက်၌ တိုက်ပွဲဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၂၆

အီရတ်မှ ပြန်ပေးဆွဲမှုများတွင် အနည်းဆုံး ၂၂နိုင်ငံမှ နိုင်ငံသားများ ဓားစာခံဖြစ်ရသည်အထိ ကျယ်ပြန့်နက်ရှိုင်းလာစဉ် ကူဝိတ်အခြေစိုက် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေကြသည့် ပါကစ္စတန်နိုင်ငံသား အလုပ်သမားနှစ်ဦးမှာ တနင်္ဂနွေနေ့က ပြန်ပေးဆွဲခံနေရပြီလောဟု စိုးရိမ်ပူပန်နေကြသည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံသား နှစ်ဦးမှာ အင်ဂျင်နီယာတစ်ဦးနှင့် ယာဉ်မောင်းတစ်ဦးဖြစ်ပြီး ဘဂ္ဂဒက်သို့ မော်တော်ယာဉ်ဖြင့်သွားစဉ် လမ်း၌ သောကြာနေ့က ပျောက်ဆုံးနေကြခြင်းဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားသည်။

ကြိုးပမ်း

မိမိတို့သည် ပျောက်ဆုံးသူနှစ်ဦး၏ အဖြစ်အပျက် အသေးစိတ်ရရှိအောင် ကြိုးပမ်းနေကြောင်း၊ ၎င်းတို့နှစ်ဦးအား ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲသွားမည်ကို စိုးရိမ်ကြောင်းဖြင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ အကယ်၍ ပြန်ပေးဆွဲခံရလျှင်လည်း ၎င်းတို့ လွတ်မြောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

တိုက်ပွဲဖြစ်

ထိုအတောအတွင်း ဘဂ္ဂဒက်မြောက်ဘက် ဘာဘူဘာမြို့အနီးတွင် တိုက်ပွဲ ဖြစ်ပွားသည်။

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောက်ကျားများဟု မသင်္ကာသူ ၁၃ ဦးကို သတ်ဖြတ်လိုက်သည်။

အီရတ်တွင် ပြန်ပေးဆွဲမှုများ ခေတ်စားလာရာတွင် အီဂျစ်သံတမန်တစ်ဦးကိုပါ ပြန်ပေးဆွဲလိုက်သည်ကို တွေ့ရသည်။

သို့သော် ပြန်ပေးဆွဲခံရသူ အများစုမှာ ယာဉ်မောင်းဖြစ်သည် ဆို၏။ ***အင်တာနက်။***

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများအဖြစ် တရုတ်နှင့်အိန္ဒိယတို့က အမေရိကန်နှင့်ဥရောပကိုဖြတ်ကျော်သွားနိုင်

ဝါရှင်တန် ဇွန် ၂၆

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့ထက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပိုမိုမြင့်မားသည့် အာရှတိုက်မှ နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် တရုတ်ပြည်တို့က မကြာမီကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသည့်နိုင်ငံများအဖြစ်ဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့ကို ကျော်ဖြတ်သွားနိုင်ကြောင်းဖြင့် ဝါရှင်တန်မှ ဝေဖန်ဆန်းစစ်သူများက ထောက်ပြကြသည်။

အာရှနိုင်ငံကြီးများ၏ စီးပွားရေးအရေးပါမှု၏ ခြိမ်းခြောက်မှုကို အမေရိကန်အစိုးရအနေဖြင့် လျစ်လျူပြုမနေရန် အမေရိကန်သမ္မတ ကလင်တန်လက်ထက်က နိုင်ငံတကာ ကုန်သွယ်မှုဝါဒ ချမှတ်မှုဆိုင်ရာ လက်ထောက်ကူသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူ ဒေးဗစ်ရော့သ်ကော့ဖ်က သတိပေးလိုက်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံခြားရင်နှီးမြှုပ်နှံမှု တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အများဆုံးရရှိသည့် နံပါတ်တစ်နေရာတွင် တရုတ်ပြည်က အမေရိကန်ပြည်ထောင်စုကို ဖယ်ရှား အစားထိုးလိုက်ကြောင်းပြသသည့် အိုအီးစီဒီ၏ စာရင်းဇယားများကိုကိုးကားလျက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက အမေရိကန်စီးပွားရေးအပေါ် ယုံကြည်မှုမရှိတော့ကြောင်းဖြင့် ဒေးဗစ်ရော့သ်ကော့ဖ်က ပြောကြားလိုက်သည်။

မိမိတို့သည် စီးပွားရေးရှုတ်တရက်ပြောင်းလဲသွားခြင်းကို မသိနိုင်အောင် အိပ်ပျော်နေခဲ့ကြောင်းဖြင့် ၎င်းကဝေဖန်လိုက်သည်။

အမေရိကန် အင်တာပရိုက်စ်အင်စတီကျုမှ ဂျိမ်းစ်ကေအလပ်မင်းက အာရှတိုက်သည် အခွင့်အလမ်းများ ရေရှည်ပွင့်လန်းမည့် သံသရာကို စတင် ဖြစ်ကြောင်းဖော်ပြလျက် သူ၏ပိုင်ဆိုင်မှုထက်ဝက်ကို အာရှတိုက်တွင် ရင်းနှီးမြှုပ်နှံရန် ထိပ်တန်း ဥရောပစီးပွားရေးပညာရှင်တစ်ဦးက အကြံပြုသည်ဟု ထုတ်ဖော်ပြောဆိုသည်။ တရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံတို့တွင် လုပ်ခအတော်အသင့်ယူပြီး ကြိုးကြိုးစားစားအလုပ်လုပ်လိုသည့် ပညာတတ်ပြည်သူများရှိကြောင်းဖြင့်လည်း ကင်းဂျိမ်းစ်ကေဂလပ်မင်းက ပြောဆိုသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အီရတ်ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်

ဘဂ္ဂဒက် ဇူလိုင် ၂၆

အီရတ်နိုင်ငံမှ မတည်မငြိမ်ဖြစ်နေသည့် ဆမ်မာရာမြို့၏ တောင်ဘက်တွင် စနေနေ့က ရေနံပိုက်လိုင်းတစ်လိုင်း ပေါက်ကွဲမီးလောင်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှုမှာ အရဏ်မတက်မီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးခိုးလိပ်ကြီးများသည် ဆမ်မာရာမြို့၏ အနောက်တောင်ဘက် အယ်လ်သာသာဒေသ ကောင်းကင်ယံသို့ မြင့်တက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူ အမားဟာမစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်ပျက်ပြားစေရန် အီရတ်ခုခံ တိုက်ခိုက်ရေးသမားများသည် အီရတ်၏ရေနံလုပ်ငန်းများကို မကြာခဏဆိုသလို တိုက်ခိုက်လေ့ရှိသည်။

စနေနေ့က တိုက်ခိုက်ခံရသော ရေနံပိုက်လိုင်းသည် ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ဘေဂျီရေနံချက်စက်ရုံမှ ဘဂ္ဂဒက်မြို့ အယ်ဒေါ်ရာ ရေနံချက်စက်ရုံသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်းခွဲတစ်လိုင်းဖြစ်သည်။ အဆိုပါ ရေနံပိုက်လိုင်း ပုံမှန်တိုက်ခိုက်ခံနေရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရားစီရင်ရာတွင် မြန်ဆန်မှုအပြင် မှန်ကန်မှုလည်းရှိရန် အရေးကြီး မှန်ကန်မြန်ဆန်သော တရားစီရင်ရေးထွန်းကားမှသာ ပြည်သူတို့ စိတ်ချမ်းမြေ့ကြမည်

❀ **ရှေ့ဖုံးမှ**

ဖြစ်ထွန်းနေစေဖို့ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ပြည်သူများအားလုံးက တရားဥပဒေကို လေးစားလိုက်နာပြီး ပြည်သူများအချင်းချင်း တရားဥပဒေနှင့်အညီ အပြန်အလှန် ကျင့်ကြံနေထိုင်တတ်ဖို့နှင့် တရားဥပဒေ၏ အကာအကွယ် အောက်တွင် မိမိတို့၏ ဘဝလုံခြုံချမ်းမြေ့မှုကို အပြည့်အဝ တည်ဆောက်သွားနိုင်ကြစေဖို့တို့သည် အလိုအပ်ဆုံး အခြေခံ အကြောင်းတရားများပင် ဖြစ်ကြောင်း။

တရားစီရင်ရေး

ထို့ကြောင့် ဤအခြေခံအကြောင်းတရားများနှင့် ပြည့်စုံလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်တစ်ဝန်းလုံး တရားဥပဒေစိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်သော တရားစီရင်ရေးစနစ်တစ်ရပ်လည်း ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

သို့သော်လည်း တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း သာယာဝပြောမှုများ၏ အကျိုးရလဒ်ကောင်းများကို ပြည်သူအများ အပြည့်အဝ ရရှိခံစားနိုင်စေရေးတွင် တရားရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ်ခိုင်မာနေစေရန် အလိုအပ်ဆုံးဖြစ်ခြင်းကြောင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ တရားစီရင်ရေးကဏ္ဍ၌ ပါဝင်ပတ်သက်

တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရေးနှင့် မှန်မှန်နှင့် မြန်မြန် တရားစီရင်နိုင်ရေးတို့အတွက် တရားသူကြီးများသာမက တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ကြသည့် တရားစွဲအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိရှိ ဆောင်ရွက်ရင်း ဌာနဆိုင်ရာအချင်းချင်း အပြုသဘော ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ကြခြင်းအားဖြင့် မှန်ကန်တည့်မတ်သော တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

ယနေ့ တရားစီရင်ရေးကဏ္ဍ၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ကြည့်မည်ဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှုများ ရှိနေသကဲ့သို့ ချို့ယွင်းချွတ်ချော်မှုများလည်း ရှိနေဆဲအခြေအနေကို တွေ့နေရဆဲဖြစ်ကြောင်း။

ကြန့်ကြာမှုမရှိ

သို့သော်လည်း တရားစီရင်ရေးအခြေအနေနှင့် ပတ်သက်ပြီး အမှုလက်ကျန်ကျဆင်းရေး စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့်အပြင် တရားစီရင်ရေးနှင့် ဆက်နွယ်နေသော ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ပြစ်မှုဆိုင်ရာမှုခင်းများ ကြန့်ကြာမှုမရှိတော့ဟု သုံးသပ်တင်ပြထားသည်ကို တွေ့ရကြောင်း။

မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တရားရုံးချုပ်နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအားတွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားစဉ်။

(သတင်းစဉ်)

နေသည့် ပုဂ္ဂိုလ်အားလုံးတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း။

တရားရေးမဏ္ဍိုင် မယိမ်းမယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ပုဂ္ဂိုလ်များကိုယ်တိုင်က ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် သွေဖည်ပြီး ဆောင်ရွက်နေမည်ဆိုလျှင် ပြည်သူများအနေဖြင့် တရားဥပဒေ၏ အကျိုးရလဒ်ကောင်းများကို ခံစားရရန် လွန်စွာမှ ခဲယဉ်းမည်ဖြစ်ကြောင်း။

လေ့ကျင့်ထိန်းသိမ်း

ထို့ကြောင့် တရားရေးမဏ္ဍိုင် မြဲမြဲတည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးတွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည့် အဆင့်ဆင့်သော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ တရားရုံးကို အထောက်အကူပြုရသည့် စုံစမ်းစစ်ဆေးရေးအရာရှိများ၊ ဓာတုဗေဒပညာရှင်များ၊ မှုခင်းဆရာဝန်များ၊ ရှေ့နေရှေ့ရပ်များ စသည့် တာဝန်ရှိပုဂ္ဂိုလ်အသီးသီးအနေဖြင့် စိတ်ဓာတ်နှင့် ခံယူချက်အပိုင်း၊ ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုအပိုင်း၊ လုပ်ငန်းနည်းစနစ် အတတ်ပညာအပိုင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ စောင့်စည်းမှုအပိုင်း စသည့် အပိုင်းကဏ္ဍများအားလုံးတွင် ပြည့်ဝနေကြရန် မိမိတို့ကိုယ်မိမိ လေ့ကျင့်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးတွင် တရားသူကြီးများ၏ တရားမျှတ မှန်ကန်မှုလိုအပ်သည့်အပြင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ စသည့် ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများကပါ လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများ၊ တရားစီရင်ရေး အာဏာထိရောက်မှု ရှိစေရေးအတွက် ဥပဒေနှင့်ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီးလှပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

တင်ပြချက်များအရ ၂၀၀၃ခုနှစ်အတွင်း စစ်ဆေးပြီးပြတ်ခဲ့သည့် ပြစ်မှုဆိုင်ရာအမှုပေါင်းသည် တစ်နိုင်ငံလုံး၌ လေးသိန်းသုံးသောင်းကျော်ရှိပြီး ယခု ၂၀၀၄ခုနှစ်အတွင်းတွင် ဇွန်လကုန်အထိ ခြောက်လတာကာလအတွင်း စစ်ဆေးပြီးပြတ်သည့် ပြစ်မှုဆိုင်ရာအမှုပေါင်းသည် သုံးသိန်းကိုးသောင်းနီးပါးရှိသည့်အတွက် စစ်ဆေးပြီးပြတ်မှုနှုန်းမှာ ယမန်နှစ်ကထက် ပိုမိုလာသည်ဟု သိရကြောင်း။

အလားတူပင် တရားမမှုခင်းများ စစ်ဆေးစီရင် ဆုံးဖြတ်မှုနှင့်ပတ်သက်၍ ၂၀၀၃ခုနှစ်အတွင်းတွင် စစ်ဆေးပြီးပြတ်မှုပေါင်းမှာ နှစ်သောင်းသုံးထောင်ကျော်ရှိပြီး ၂၀၀၄ခုနှစ်အတွင်း ဇွန်လကုန်အထိ စစ်ဆေးပြီးပြတ်မှုပေါင်းမှာ တစ်သောင်းနှစ်ထောင်ကျော်ရှိသည့်အတွက် တရားမမှုခင်းများ စစ်ဆေးပြီးပြတ်မှုနှုန်းလည်း ပိုမိုတိုးတက်လာသည်ဟု သိရကြောင်း။

လက်တွေ့စွမ်းဆောင်ပြ

တရားစီရင်ရာတွင် မြန်ဆန်မှုအပြင် မှန်ကန်မှုလည်းရှိရန် အရေးကြီးကြောင်း၊ မှန်ကန်မြန်ဆန်သော တရားစီရင်ရေး ထွန်းကားမှသာ ပြည်သူတို့ စိတ်ချမ်းမြေ့ကြမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်း မှန်ကန်စွာ ပြုမူကျင့်ကြံပါမှ အန္တရာယ်မရှိဘဲ မကြောင့်မကြ ကောင်းစွာအသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်သကဲ့သို့ မမှန်မကန်လုပ်သူများ၊ ပြစ်မှုကျူးလွန်သူများကို အမှန်တရားက စီရင်အပြစ်ပေးမည်ဖြစ်သည် ဆိုသည့် မှန်ကန်သော တရားစီရင်မှု သဘောတရားကို ပြည်သူတို့ ယုံကြည်စွဲမြဲလာအောင် တရားသူကြီးများ ကိုယ်တိုင်က လက်တွေ့စွမ်းဆောင်ပြကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခု၏ ဂုဏ်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် နိုင်ငံတော်၏ တရားစီရင်ရေးစနစ်ကို ဥပဒေတတ်သိကျွမ်းကျင်သော ပညာရှင်များက တရားစီရင်သည့်စနစ်၊ ပြည်သူအများ၏ အကျိုးစီးပွားကို ဥပဒေပညာရှင်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရသည့်စနစ်အဖြစ် လိုအပ်သော ဥပဒေများပြဋ္ဌာန်းပြီး စနစ်တကျ ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ဥပဒေပညာရှင်များကို မဏ္ဍိုင်ပြု ဖွဲ့စည်းထားသော တရားစီရင်ရေးစနစ်တစ်ရပ်တွင် တရားစီရင်ရေးအာဏာကို ယုံကြည်စွာ အပ်နှင်းခြင်းခံရသည့် တရားရေးဝန်ထမ်းအရာရှိများအနေဖြင့် ဥပဒေပညာ ပိုင်နိုင်ကျွမ်းကျင်မှု၊ တရားစီရင်ရေးစနစ် မှန်ကန်မျှတစွာ ဖြစ်ထွန်းအောင် စီမံခန့်ခွဲနိုင်မှုနှင့် စိတ်ဓာတ်ရေးရာ မြင့်မြတ်တည်ကြည်မှု စသည့် ပင်မအရည်အသွေးများ ပြည့်ပြည့်ဝဝ ပိုင်ဆိုင်နေမှသာ နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့်အညီ တရားဥပဒေဘောင်အတွင်းက နည်းလမ်းတကျ အကောင်အထည် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

မပြတ်လေ့လာဆည်းပူး

ဥပဒေပညာ ပိုင်နိုင်ကျွမ်းကျင်မှုဆိုရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ထုံးဥပဒေနှင့် လက်စွဲဥပဒေများ၊ တရားရုံးချုပ်ညွှန်ကြားလွှာများ၊ စီရင်ထုံးများကို အချိန်နှင့်တစ်ပြေးညီ ပိုင်ပိုင်နိုင်နိုင် နားလည်တတ်ကျွမ်းစေရန် အမြဲမပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း။

အလားတူပင် တရားစီရင်ရေးစနစ် မှန်ကန်မျှတစွာ ဖြစ်ထွန်းရေးအတွက် အခြားသော တရားစွဲအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် စီမံခန့်ခွဲမှု အရည်အသွေးများ ပြည့်ဝထက်မြက်ရေးအတွက် တရားရုံးအဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမှုကို ထက်မြက်သက်ဝင်နေအောင် စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း။

အထူးသဖြင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရေးအတွက် အကျင့်၊ သီလ၊ သမာဓိတည်ကြည်ခိုင်မြဲမှု၊ အဂတိတရားကင်းစင်ပြီး စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်ကျည်မှု၊ ငွေကြေးဥစ္စာထက် ဖြောင့်မတ်မှန်ကန် ရိုးသားမှုကို အခြေခံသည့် ဂုဏ်သတင်းကျော်စောမှုကို လိုလားမြတ်နိုးမှု၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို အမှန်တကယ်ယုံကြည် သက်ဝင်ခံယူမှု၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် လိုက်လျောညီထွေစွာ ပြည်သူလူထုအကျိုးရှေးရှုသည့် အပြုသဘောအမြင်ရှိမှု စသည့် မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများဖြင့် ပြည့်ဝခိုင်မာစေရန် မိမိတို့ကိုယ်မိမိတို့ အမြဲမပြတ် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

အားနည်းချက်များရှိဆဲ

ယနေ့ တရားရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်ကြည့်သည့်အခါတွင် တရားသူကြီးအချို့၏ ချွတ်ယွင်းအားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို တွေ့နေရဆဲပင်ဖြစ်ကြောင်း၊ အလားတူပင် တရားရုံးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းအပိုင်းကလည်း ချွတ်ချော်မှုများ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်နေရကြောင်း၊ တရားသူကြီးအချို့၏ မမှန်မကန် ဆုံးဖြတ်ဆောင်ရွက်မှုကြောင့် ပြည်သူများ စိတ်ဒုက္ခရောက်မှု၊ ဘဝပျက်ယွင်းမှုများ ဖြစ်ပေါ်သွားသည်ကိုလည်း ကြုံတွေ့နေရကြောင်း။

သာဓကအနေဖြင့် ပြောရမည်ဆိုလျှင်–

– **နိုင်ငံတော် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား တိုက်ဖျက်နေသည့် မူးယစ်ဆေးဝါးမှုများတွင် ထိရောက်ဟန့်တားသော အပြစ်ဒဏ်မချမှတ်ဘဲ စတိသဘောသာ ပြစ်ဒဏ်ချမှတ်ခြင်းများ၊ တရားခံ ဖော်ထုတ်ဖမ်းဆီးရာတွင် ပြည့်စုံမှုမရှိခြင်းများ၊ သက်သေခံပစ္စည်းများသိမ်းဆည်းရာတွင် စနစ်တကျ မဆောင်ရွက်ခြင်းများ၊ တရားရုံးကို ခိုင်လုံတိကျသော အထောက်အထားများ**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✡

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေး အမြဲမပြတ် သတိထား၍ ကူညီထိန်းကျောင်း

✡ စာမျက်နှာ ၄မှ

လုံလုံလောက်လောက် မတင်ပြမှုများ ရှိနေသေးခြင်းများ စသည့် ရည်ရွယ်ချက်ရှိရှိဖြင့်ပြုလုပ်သော ချို့ယွင်းမှုမျိုးများ ရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း။

- **ထို့အတူပင်နိုင်ငံတော်၏ စီးပွားရေးကိုသာမက ပြည်သူများ၏ လူမှုစီးပွားရေးဘဝနှင့် အကျင့်စာရိတ္တကိုပါ ပျက်ယွင်းစေသော လောင်းကစားမှုများတွင် ထိထိရောက်ရောက် ကာကွယ်တားဆီးနှိမ်နင်းရန် ပျက်ကွက်ခြင်းများ၊ ထိရောက်ဟန့်တားသော အပြစ်ဒဏ် မချမှတ်ခြင်းများ တွေ့နေရဆဲပင်ဖြစ်ကြောင်း။**

ထို့အပြင် အမျိုးသမီးများ၏ ဘဝ လုံခြုံရေးနှင့် အမျိုးသမီးများအကြမ်းဖက်ခံရမှုက တားဆီးကာကွယ်ရေးအတွက် တစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့ကဲ့သို့ အချိန်အခါမျိုးတွင် အသက်ငယ်ရွယ်သူ မိန်းကလေးကို အဓမ္မပြုကျင့်မှုတစ်ခုတွင် ထောင်ဒဏ်နှစ်နှစ်သာ ချမှတ်ခဲ့သည်မျိုးများလည်း တွေ့နေဆဲဖြစ်ကြောင်း။

အထူးသဖြင့် ထိရောက်ဟန့်တားလောက်သော အပြစ်ဒဏ်များ ချမှတ်သင့်သည့် ပြစ်မှုမျိုးများကို ထောင်ဒဏ်အနည်းငယ်သာချမှတ်ပိုင်ခွင့်ရှိသည့်တရားရုံးတွင် စွဲတင်သည့်အတွက် အပြစ်ဒဏ်အနည်းငယ်သာ ချမှတ်နိုင်ခြင်းသည် လုံးဝလျော်ကန်သင့်မြတ်မှု မရှိဟု ဆိုရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ပြစ်မှုတစ်ခုစွဲတင်ရာတွင် ထိုပြစ်မှုအတွက် သတ်မှတ်ထားသော အမြင့်ဆုံးအပြစ်ဒဏ်ကို စီရင်ပိုင်ခွင့်အာဏာမရှိသည့် တရားရုံးများတွင် စွဲတင်မှုမပြု သင့်ဘူးဆိုသည်ကို သာမန်စဉ်းစားရုံဖြင့် သိမြင်နိုင်ကြောင်း။

ဥပဒေအရာရှိများအပိုင်းကို ပြောရမည်ဆိုလျှင်လည်း ပြစ်မှုဆိုင်ရာမှုခင်းများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးရာတွင် ဥပဒေနှင့်ညီညွတ်ပြည့်စုံခိုင်လုံပြီး ခေတ်စနစ်အမြင်ဖြင့် လျော်ညီသော ဥပဒေအကြံများပေးကြရန် လိုကြောင်း။

ထိန်းသိမ်းဖို့လို

ပြစ်မှုဆိုင်ရာမှုခင်းများ တရားစွဲဆို တင်ပို့ရာတွင် ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်သင့်သည့် မှုခင်းများကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများသို့ တရားစွဲဆိုတင်ပို့ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နောက်တစ်ခုက တရားရုံး၌ မှုခင်းတစ်ခုပေါ်ပေါက်လာလျှင် တရားလိုနှင့် တရားခံဆိုသည့် နှစ်ဖက်ပုဂ္ဂိုလ်၊နှစ်ဖက်အဖွဲ့အစည်းဆိုသည်ရှိကြရာတွင် တရားသူကြီးလုပ်သူက ဥပဒေနှင့်အညီမှန်မှန်ကန်ကန် ဘက်မလိုက်ဘဲ တရားစီရင်ကြရမည်ဖြစ်ကြောင်း၊ တံစိုးလက်ဆောင်ယူပြီး ဘက်လိုက်ခြင်းမျိုး၊ တရားလိုက တရားခံလိုဖြစ်သွားခြင်းမျိုး၊ အမှုမကြာသင့်ဘဲ ကြန့်ကြာသွားခြင်းမျိုး၊ အောက်ရုံးက မမှန်မကန် ဆုံးဖြတ်၍ အထက်ရုံးက ပြန်လည်ပြင်ဆင်စီရင်ရခြင်းမျိုးစသည့် တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုစွဲတင်သည့်ရဲတပ်ဖွဲ့ဝင်များ၏ မမှန်မကန်ဆောင်ရွက်မှုများ မဖြစ်ရအောင် တာဝန်ရှိသူအသီးသီးက ထိန်းသိမ်းကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

တရားရုံးက အမိန့်၊ စီရင်ချက် ချမှတ်ပြီးလျှင်လည်း ထိုအမိန့်၊ စီရင်ချက်သည် ဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ၊ပြစ်မှုပြစ်ဒဏ်မျှတမှု ရှိ-မရှိ၊ ထိရောက်ဟန့်တား လောက်သော ပြစ်ဒဏ်ချမှတ်သင့်သည့် အမှုမျိုးတွင် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ် ချမှတ်ခြင်းရှိ-မရှိ စသည်တို့ကို စောင့်ကြည့်လေ့လာပြီး တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်မှန်ကန်ရေးအတွက် အမြဲမပြတ်သတိထား၍ ကူညီထိန်းကျောင်းသွားရန်လိုကြောင်း။

ဥပဒေပညာဖြင့်ကူညီ

ရှေ့နေရှေ့ရပ်များအပိုင်းကို ပြောရမည်ဆိုလျှင်လည်း ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အထောက်အကူပြုသည့် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် တရားစီရင်ရေး မှန်ကန်အောင် ဥပဒေပညာဖြင့် ကူညီပံ့ပိုးပေးကြရန်တာဝန်ရှိကြကြောင်း။

သို့ရာတွင် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာနှင့် အညီ ကျင့်သုံးလိုက်နာမှု အားနည်းနေသည်များရှိနေသေးသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၄ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ရှေ့နေများကောင်စီ၌ တရားရုံးချုပ်ရှေ့နေများအပေါ် တိုင်ကြားစာ ၁၁၀ စောင်ကို လက်ခံရရှိသည့်အတွက် ရှေ့နေများကောင်စီက ရှေ့နေ၁၅ဦး အပေါ်လိုအပ်သော အရေးယူအပြစ်ပေးမှုများပြုလုပ်ခဲ့ရသည်ဟု သိရကြောင်း။

ကျင့်ဝတ်သိက္ခာတန်ဖိုးထား

ရှေ့နေရှေ့ရပ်များသည် တရားဥပဒေနှင့်ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာများကို တန်ဖိုးထားထိန်းသိမ်းလိုက်နာကြမှသာ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကို အထောက်အကူပြုနိုင်ကြမည်ဖြစ်သည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။

ရှေ့နေရှေ့ရပ်များသာမက တရားဥပဒေနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေကြသူများအားလုံးသည် ကိုယ်ကျင့်တရားစောင့်ထိန်းရာ၌ ထူးကဲသာလွန်သူများ၊ ပြည်သူတွေယုံကြည်ကိုးစားနိုင်လောက်သည့် အကျင့်သိက္ခာနှင့် ပညာပြည့်ဝသူများဖြစ်ရန် လိုအပ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

တရားစီရင်ရေးကဏ္ဍ၏ အန္တိမတာဝန်သည် အမှန်တရားကို ရှာဖွေဖော်ထုတ်ပြီး ပြည်သူအများ၏ ဥပဒေအရနစ်နာမှုများကို ဥပဒေနှင့်အညီ ကုစားပေးနိုင်စေရေးပင်ဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက်ပြည့်မြောက်အောင်မြင်စေရေးအတွက် တရားရုံးများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာကျင့်သုံးရမည့် လက်စွဲများ၊ ညွှန်ကြားချက်များအစရှိသည့် စည်းမျဉ်းစည်းကမ်း ကျင့်ဝတ်များက ထိန်းကွပ်ပေးထားခြင်းကြောင့် ထိုအထိန်းအကွပ်များ၏ မူဘောင်များနှင့်ညီညွတ်အောင် လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ကာကွယ်စောင့်ရှောက်

တရားစီရင်ရေးစနစ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းနေမှု အခြေအနေများ၊ အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ ပြည်သူအများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားရေးမူဝါဒနှင့် ဆီလျော်ညီညွတ်စွာ တိုးတက်ဖြစ်ထွန်းနေစေရအောင် တရားစီရင်ရေးကဏ္ဍက တာဝန်ရှိသူအသီးသီးက အမျိုးသားရေးသတိဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လျော်ညီစွာ နိုင်ငံတကာက အလေးထားအာရုံစိုက်ဆောင်ရွက်နေကြသည့်အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှောင်ခိုကုန်ကူးခံရမှုမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ငွေကြေးခဝါချမှုများ တားဆီးနှိမ်နင်းရေးစသည့် မှုခင်းများနှင့် ပတ်သက်ပြီးလည်း တားဆီးကာကွယ်ရေးအပိုင်းကရော တရားစီရင်ရေးအပိုင်းကပါ လိုက်လျောညီထွေစွာအလေးထားဆောင်ရွက်ကြရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

လက်တွဲကြိုးပမ်း

ခြုံငုံပြီးမှာကြားရမည်ဆိုလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တွင် တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးက တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့်အတူ ပြည်သူများအနေဖြင့် တရားဥပဒေ၏ အကာအကွယ်ကို ရရှိနိုင်သည်ဆိုသည်ကို ပြည်သူများကိုယ်တိုင် လက်တွေ့

ပြည်သူများ၏ လူမှုစီးပွားရေးဘဝနှင့် အကျင့်စာရိတ္တကိုပါ ပျက်ယွင်းစေသော လောင်းကစားမှုများတွင် ထိထိရောက်ရောက် ကာကွယ်တားဆီးနှိမ်နင်းရန် ပျက်ကွက်ခြင်းများ၊ ထိရောက်ဟန့်တားသောအပြစ်ဒဏ် မချမှတ်ခြင်းများတွေ့နေရဆဲပင်ဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နီပေါဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကြာသေးမီက နီပေါနိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးမှုနှင့် မြေပြိုခြင်းများကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှား ဗဟာဒူး ဒူဗားထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။
(သတင်းစဉ်)

သိမြင်ခံစားစေရအောင် တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သော အဖွဲ့အစည်းများအားလုံးက တက်ညီလက်ညီလက်တွဲ ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးပြီး ပြည်သူအများ တရားဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့ ပျော်ရွှင်လွတ်လပ်စွာနေထိုင်နိုင်စေရေးကို ရေရှည်အာမခံနိုင်မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင်ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထည့်သွင်းဆုံးဖြတ်

၎င်းအမျိုးသားညီလာခံကြီးတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများ အပါအဝင်ဖြစ်သည့် လူထုလူတန်းစားအလွှာများ၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံမူများကို ဆွေးနွေးညှိနှိုင်းချမှတ်လျက်ရှိရာတွင် တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်ပြီးလည်း တစ်ပိုင်းတစ်ကဏ္ဍ ထည့်သွင်းဆုံးဖြတ် ချမှတ်လျက်ရှိကြောင်း။

ထို့ကြောင့်တရားသူကြီးများ၊ဥပဒေအရာရှိများ အပါအဝင် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက တရားဥပဒေစိုးမိုးရေး၊တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြဲမြံရေးပင်မတာဝန်များနှင့်ယှဉ်တွဲပြီး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးဆိုသည့် အမျိုးသားရေး တာဝန်ကိုပါ မိမိတို့ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **တရားမျှတပြီး ဥပဒေနှင့် ညီညွတ်သော တရားစီရင်ရေးစနစ်ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းပြီး တရားဥပဒေ စိုးမိုးမှုနှင့်အတူ ပြည်သူများ စိတ်အေးချမ်းမြေ့လုံခြုံစွာ လူမှုသုခအပေါင်း အပြည့်အဝရရှိခံစားနိုင်စေရအောင် တရားရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ အကောင်အထည် ပေါ်ထွန်းလာစေရေးအတွက် တည့်မတ်မှန်ကန်ပြီး ပြည်သူများ ယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ် ပီပီပြင်ပြင် ပေါ်ထွန်းလာစေရအောင် မြင့်မြတ်သော စိတ်ထားဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချောမောစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟုတိုက်တွန်းမှာကြားပြီးတွေ့ဆုံမှာကြားသည့်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရားရုံးချုပ်နှင့် ပြည်နယ်/ တိုင်းတရားသူကြီးများ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ရက်မှ ယနေ့အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း တရားရုံးချုပ် မြေညီထပ်ရှိ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားရုံးချုပ်(ရန်ကုန်)နှင့် တရားရုံးချုပ်(မန္တလေး)တို့မှ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တွဲဖက် ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ပြည်နယ်/တိုင်းတရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရတရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားကာ တရားရုံးချုပ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ညွှန်ကြားရေးမှူးချုပ်တို့က ယခင် (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးတင်ပြချက်များအပေါ် တရားရုံးချုပ်မှ ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်နယ်/တိုင်း တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် တရားရုံးလုပ်ငန်းအခြေအနေများကို ပြည်နယ်/တိုင်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ဒုတိယနေ့ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်/တိုင်းတရားသူကြီးများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တရားရုံးချုပ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဆွေးနွေးမှာကြားကြသည်။ ထို့နောက် e-Government Plan for Supreme Court နှင့်စပ်လျဉ်း၍ တရားရုံးချုပ် ကွန်ပျူတာဌာနစုက ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသော ညှိနှိုင်းအစည်းအဝေးတွင် တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(မန္တလေး) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက်မွန်းလွဲပိုင်းတွင် တရားသူကြီးချုပ် ဦးအောင်တိုးက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကလေးသူငယ် တရားစီရင်ရေးဆိုင်ရာ စာတမ်းနှင့် တရားမမှုများ စီရင်ဆုံးဖြတ်ရာတွင် မြန်ဆန်ထိရောက်ရေးအတွက် အဆိုအချေနှင့်ငြင်းချက်တို့၏ အရေးပါမှုဆိုင်ရာ စာတမ်းများ၏ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈-၇-၂၀၀၄)

သထုံ	၃ ဒသမ ၄၆ လက်မ
ဖားအံ	၃ ဒသမ ၂၇ လက်မ
လှိုင်ကော်	၂ ဒသမ ၇၆ လက်မ
မင်းတပ်	၂ ဒသမ ၄၀ လက်မ

ရန်ကုန်မိုး

(၂၈-၇-၂၀၀၄)

မင်္ဂလာဒုံ	၀ ဒသမ ၅၁ လက်မ
ကမ္ဘာအေး	၀ ဒသမ ၃၆ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၂၈ လက်မ

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၈

စမ်းချောင်းမြို့နယ် လယ်တီမူကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဝါကပ်တော်မူကြသော သံဃာတော်အပါး ၈၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး (၇၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ ဝါခေါင်လဆန်း ၁ ရက်၊ ဩဂုတ် ၈ ရက်မှ ၁၆ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာတို့၏ ဝါဆိုလ

အရှင်တေဇနိယ(အုတ်ဖို)

ဝါဆိုလသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ လထူးလမြတ်ပင် ဖြစ်သည်။ ဗုဒ္ဓဘာသာတွင် (၁) ဘုရားနေ့၊ (၂) တရားနေ့၊ (၃) သံဃာနေ့ ဟူ၍ နေ့ထူးရက်မြတ်ကြီးသုံးနေ့ရှိပေရာ ဤဝါဆိုလပြည့်နေ့ကား တရားနေ့ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ တရားဦးဓမ္မစကြာတရားကို စတင်ဟောကြားတော်မူခြင်းဖြစ်သည်။

ဝါဆိုလပြည့်နေ့သည် ဂေါတမဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ပထမဦးဆုံး ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်ကာလ မဇ္ဈိမဒေသ၌ ဗုဒ္ဓဂေါတမ ပွင့်တော်မမူမီအချိန်က ဂိုဏ်းဆရာကြီးအမျိုးမျိုးတို့သည် အမျိုးမျိုးအဖုံဖုံ သောတရားများကို ဟောကြားဖြန့်ချိလျက်ရှိနေကြသည်။ သူတို့၏တရားများကို နာကြားရခြင်းကြောင့် တစ်စုံတစ်ယောက်သော လူနတ်ဗြဟ္မာမျှတရားထူးရကာ ကျွတ်တန်းဝင်သည်ဟူ၍ မရှိကြပေ။ သူတို့၏ တရားများကို အနှစ်ချုပ်ကြည့်လျှင် အနှစ်သာရအားဖြင့် နှစ်မျိုးသာရှိသည်။ ယင်းနှစ်မျိုးမှာ-

(၁)**ကာမသုခလ္လိကာနုယောဂ**=ကာမဂုဏ်ချမ်းသာအမျိုးမျိုးကိုခံစားရမှု တရား

(၂)**အတ္တကိလမထာနုယောဂ**=နည်းမှန်မဟုတ်သောအားဖြင့် မိမိခန္ဓာကိုယ်ကို ပင်ပန်းစေကာ ကျင့်ကြံကြိုးကုတ် အားထုတ်ရသော တရားတို့ဖြစ်သည်။

အထက်ပါအမျိုးအစားနှစ်ခုလုံးသည် လောကီတရားများဖြစ်၍ လောကအကျိုးကိုသာရရှိစေပြီး လောကမှ လွန်မြောက်ရာ နိဗ္ဗာန်သို့မပို့ဆောင်နိုင်ကြပေ။ ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ခုနှစ်ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သတ္တဋ္ဌာနစံနေတော်မူကာ ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားတော်မြတ်ကို ရှေးဦးစွာဟောတော်မူခဲ့သည်။

ဓမ္မစကြာဟူသော ဝေါဟာရမှာ ဓမ္မ-စက္က ဟူသော ပါဠိတော်စကားမှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ ဓမ္မ၏အဓိပ္ပာယ်မှာကျင့်ကြံပွားများ ဆောင်ထားသူတို့အား အပါယ်ဆင်းရဲသို့ မကျရောက်အောင်ဆောင်ထားသော တရားဟူ၍ အဓိပ္ပာယ်ရပြီး စက္က၏အဓိပ္ပာယ်မှာ စက်၊ ရဟတ်လည်စေခြင်း စကြာဟူ၍ အဓိပ္ပာယ်ရသည်။ ထိုဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးပါးတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ်၏ထံမှ သစ္စာလေးပါး တရားတော်ကို နာကြားရပြီး ရဟန္တာများအသီးသီးဖြစ်သွားကြလေသည်။

ဝါဆိုလပြည့်နေ့သည် ဘုရားရှင်၏နေ့ကြီးရက်မြတ် သုံးမျိုးနှင့်အဓိကသက်ဆိုင်နေပါသည်။

သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်လဝါဆို ဟူသော ရှေးပညာရှိများ၏ လင်္ကာအရ မြတ်စွာဘုရားရှင်နှင့် ပတ်သက်၍ ဝါဆိုလပြည့်နေ့သည် အောက်ပါနေ့ထူးရက်မြတ်သုံးမျိုးနှင့် ကြုံကြိုက်နေပေသည်။

(၁) မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပဋိသန္ဓေယူသောနေ့ဖြစ်ခြင်း၊
(မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့)

(၂) မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊
(မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့)

(၃) မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့ဖြစ်ခြင်း၊
(မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့)

မြတ်စွာဘုရားရှင်အလောင်းတော်သည် တစ်သောင်းသော စကြဝဠာမှ နတ်၊ ဗြဟ္မာများက ညီညာစွာစုရုံး၍ တောင်းပန်မှုကြောင့် အချိန်ကာလအရ မဟာသက္ကရာဇ် ၆၇ ခုနှစ်မှာ နတ်လူသတ္တဝါများ အေးချမ်းသာယာဖို့အတွက် ချမ်းမြေ့ကြည်ဖြူစွာ ပဋိသန္ဓေယူတော်မူသောနေ့မှာလည်း ဝါဆိုလပြည့်နေ့ပင် ဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် ဖွားမြင်ပြီး၍ တစ်ဆယ့်ခြောက်နှစ်မြောက်သောအခါ ရွှေနန်းသုံးဆောင်ကို သိမ်းယူပြီး သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ စိတ်မချမ်းသာဖြစ်ရာ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တောထွက်တော်မူလေသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသောအခါ မိဂဒါဝုန်တောသို့ ခြေကျင်ကြွတော်မူ၍ ပဉ္စဝဂ္ဂီ ငါးပါးနှင့်တကွ တစ်သောင်းသော စကြဝဠာမှ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစကြာတရားတော်မြတ်ကို တရားဦးအဖြစ် စတင်ဟောကြားတော်မူရာနေ့မှာလည်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ပင် ဖြစ်သည်။

ပုန်းညက်ကရကင်၊ ပြုပ္ပါသန်၊ ပဥ္စင်းခံကြ ဝါဆိုလဟူသော စာပေကျမ်းဂန်လာ လင်္ကာအရ ဝါဆိုလမှာ ပုန်းညက်ပန်းပွင့်ချိန်ဖြစ်သည့် ကရကင်ရာသီ ပြုပ္ပါသန်နက္ခတ်နှင့်ယှဉ်၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ ဟူ၍ သတ်မှတ်ပြီး ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများ ကျင်းပလျက်ရှိသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်ညနေချမ်း ညဥ့်ဦးယံအချိန်မှာ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်သည်

(၁) အရှင်ကောဏ္ဍည
(၂) အရှင်ဝပ္ပ
(၃) အရှင်ဘဒ္ဒိယ
(၄) အရှင်မဟာနာမ်
(၅) အရှင်အဿဇိစ ဟူသည့် ပဉ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရား(ဝါ) ဓမ္မစကြာ သုတ်တော်ကို တရားဦးအဖြစ် ဟောတော်မူသောကြောင့် ထိုဝါဆို လပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ပူဇော်ကြလေသည်။

ဝါဆိုလမှာ သာသနာ့ဝန်ထမ်းရဟန်းတော်များသည် ဝါတွင်းသုံးလကာလ အတွင်းမှာ ညအိမ်ညနေ မသွားကြရဘဲ တစ်ကျောင်းတိုက်၊ တစ်နေရာတည်းမှာ နေရခြင်းဆိုသည့် ဝါဆိုဝါကပ်ခြင်းကို အကြောင်းပြု၍ ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းကို ပူဇော်သောအားဖြင့် ဝါတွင်းကာလမရောက်ခင် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲများကို ကျင်းပကြလေသည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်မှာ သံဃာတော်အရှင်သူမြတ်များ ဝါဆိုသည့်အချိန် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့အထိ ဝါတွင်းသုံးလပတ်လုံး ဝတ်ရုံ နိုင်ရန် အလို့ငှာ ရည်မှန်း၍ လှူဒါန်းကြသည်ကို ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းကြသည်ဟုခေါ်သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်ကိုရပြီး ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူသည်မှစ၍ အောက်ပါ မြို့၊ ရွာ ဒေသများ၌ ဝါကပ်တော်မူလေသည်။

မြတ်စွာဘုရားရှင် ဝါတော်အလိုက် ဝါကပ်သည့်နေရာဒေသများမှာ-

ဝါတော်(၁)ဝါ= ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်တော
ဝါတော်(၂)(၃)(၄)ဝါ=ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်
ဝါတော်(၅)ဝါ=ဝေသာလီပြည်၊မဟာဝုန်တော၊ ကူဋာဂါရသာလာကျောင်း
ဝါတော်(၆)ဝါ=မကုဋ္ဌကျောင်း၊ ချရားတော
ဝါတော်(၇)ဝါ=တာဝတိံသာနတ်ပြည်
ဝါတော်(၈)ဝါ=ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်၊ ဘက္ဂါသဃ
ဝါတော်(၉)ဝါ=ကောသမ္ဗီပြည်၊ ဃောတိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ
ဝါတော်(၁၀)ဝါ=ပါလိလေယျကတောအုပ်
ဝါတော်(၁၁)ဝါ=နာဠကပုဏ္ဏားရွာ၊ နာဠိကာရုံကျောင်း
ဝါတော်(၁၂)ဝါ=ဝေရဉ္စတိုင်း၊ နာဠေရုတမာပင်ရင်း
ဝါတော်(၁၃)ဝါ=စာလိယတောင်
ဝါတော်(၁၄)ဝါ=သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း
ဝါတော်(၁၅)ဝါ=ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း
ဝါတော်(၁၆)ဝါ=အာဠဝီပြည်၊ မဟာဝုန်ကျောင်း
ဝါတော်(၁၇)ဝါ=ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း
ဝါတော်(၁၈)ဝါ၊ (၁၉)ဝါ=စာလိယတောင်
ဝါတော်(၂၀)ဝါ=ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း
ဝါတော်(၂၁)ဝါမှ(၃၉)ဝါ အထိ=သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း
ဝါတော်(၄၀)မှ(၄၄)ဝါထိ=ပုဗ္ဗာရုံပြည် ဇေတဝန်ကျောင်း
ဝါတော်(၄၅)=ဝေဠုဝရွာ-

ထို့ကြောင့် မြန်မာတို့၏ ဝါဆိုလတွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြခြင်း၊ ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းကြခြင်း ကုသိုလ်ထူးများကို အစဉ်အလာမပျက် ဆက်ကာလှူဒါန်းကြသည်မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ကောင်းမြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝါတွင်းသုံးလ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

အောင်လံမြို့ မန်ကျည်းကုန်းရပ် မဟာစည်ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ အထူးတရားစခန်းပွဲကို ဇူလိုင်၃၁ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိကျင်းပမည်ဖြစ်သည်။ ဥပုသ်နေ့တိုင်း မဟာစည်နယ်လှည့် ဓမ္မကထိက ဆရာတော်များက တရားချီးမြှင့်မည်ဖြစ်ရာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းလိုပါက ဖုန်း-(၀၆၉)၂၁၂၃၁သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ယောနယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၈

ယောနယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်အမှူးပြုသည့် အသင်း၏ ဩဝါဒစရိယ ယောဆရာတော်ကြီးများအား ၁၃၆၆ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၁ရက်၊ တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ယောနယ်အသင်းတိုက် အမှတ် (၂၀၂) တတိယထပ် လမ်း ၄၀ ၌ ဝါဆိုသင်္ကန်းနှင့်စုပေါင်းဘုံဆွမ်း ဆက်ကပ် လှူဒါန်းပြီး တိပိဋကဓရ ယောဆရာတော်ကအနုမောဒနာတရား ဟောကြားမည်ဖြစ်ရာသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများကို ဦးအေးမောင်(လမ်း-၃၀) ဖုန်း-၂၄၀၆၁၄နှင့် ဦးအောင်မြ (၃၇-လမ်း) ဖုန်း-၂၅၂၈၁၁နှင့် ဦးသာလှ (ဆိပ်ကမ်းသာလမ်း) ၃၈၀၄၄၈ တို့သို့ ကြိုတင် ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြစ်ကြီးနားမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ယာဉ်စက်ယန္တရားများသုံးစွဲ၍ ဆောင်ရွက်မှုလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  -Soil Erosion and Seil Convervation
  (တတိယနှစ်-ပထဝီဝင်အထူးပြု)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေ့ရှု
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၂၀)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (ဒုတိယတွဲ)(အပိုင်း-၁)**
  - ၂၅။ သင့်အတွက်မနက်ဖြန်
  - ၂၆။ အပိတ်နှုတ်ဆက်စကား
  - ၂၇။ ပြီးပါပြီ။

လက်ခံတွေ့ဆုံ

ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Datuk Dr. Chua Soi Lek အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်) (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၃ရက်မှ ၂၈ရက်အထိ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်၊ စစ်ကိုင်းတိုင်း ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များသို့ သွားရောက်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပြန်ကြားရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ပျဉ်းမနားမြို့တွင် ရောက်ရှိရပ်နားသည်။ ညပိုင်းတွင် ပျဉ်းမနားမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မိမိတို့လွှင့်ထုတ်ပေးရမည့် အချိန်အတိုင်းအတာအတိုင်း အပြည့်အဝ လွှင့်ထုတ်ရန်၊ စက်ကြံ့ခိုင်ရေးကို နေ့စဉ်ပြုလုပ်ရန်၊ ရေရှည်ခံအောင် ထိန်းသိမ်းရန်၊ လုံခြုံရေးကို ဂရုစိုက်ရန်နှင့် မီးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်ထားရန်တို့ကို မှာကြားခဲ့သည်။

စေတနာထား

ထို့နောက် ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်၍ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်မှ တာဝန်ရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ခုနှစ် ရည်မှန်းချက်တာဝန် ၁၀ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ရေး၊ ကျေးရွာတိုင်းသို့ သတင်းစာ၊ ဂျာနယ်များ ရောက်ရှိရေး၊ ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ကြည့်ရှုနိုင်ရေးတို့ကို စေတနာထား အပင်ပန်းခံ၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အပြင်ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့သည် မန္တလေးမြို့တွင် တည်ဆောက်လျက်ရှိသည့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ ဇူလိုင် ၂၈ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ စက်ရုံမှူး ဗိုလ်ကြီးတိုးကျော်က ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်ထားမှု အခြေအနေ၊ လေ့ကျင့်သင်တန်းပေးနေမှုနှင့် စက်ရုံဝင်းအတွင်း အဖိုးတန်နှင့် အရိပ်ရလေကာပင်များ၊ ပန်းအလှပင်များ၊ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဇရောမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသိန်းမြင့်နှင့် အင်ဂျင်နီယာများက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများ၏ ဒီဇိုင်း၊ စက်တပ်ဆင်မည့် ကျောက်နှင့် ကွန်ကရစ်ရောစပ်၍ အမာခံအုတ်ခုံ တည်ဆောက်ထားပုံတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းများကို ပုံနှိပ်ပညာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး၊ လျှပ်စစ်ဓာတ်အား ၂၄နာရီပတ်လုံး ရရှိရေး၊ သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေး၊ စက်ရုံအဝင်လမ်းနှင့် စက်ရုံဝင်းအတွင်း ပန်းအလှနှင့် အရိပ်ရလေကာပင်များ စနစ်တကျ စိုက်ပျိုးရေး၊ ပင်မပုံနှိပ်စက်ရုံ အဆောက်အအုံ ကြမ်းခင်း၊ အမိုး၊ ရက်မများ၊ ပုံနှိပ်စက် လည်ပတ်တုန်ခါမှုကို ခံနိုင်ရန် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရေး စသည်တို့ကိုအသေးစိတ် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြန်ကြားရေးဝန်ကြီးနှင့်အဖွဲ့သည် ပင်မပုံနှိပ်စက်ရုံ၊ ကုန်ချောစက်ရုံ၊ စာအုပ်ချုပ်စက်ခန်း၊ စာအုပ်သိုလှောင်ရုံ၊ စီမံရုံးခန်း၊ ဖလင်၊ ပလိပ်၊ ကွန်ပျူတာရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံတွင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား ပုံနှိပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ရာ၌ ကြိုးစားမှုရှိပြီး လုပ်ငန်းတွင် စေတနာအပြည့်ဖြင့် အလုပ်လုပ်ရန်၊ ပုံနှိပ်ပညာကျွမ်းကျင်အောင် သင်ယူကြရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တင်ဒါခန်းမ၌ ကျင်းပသည့် သစ်ထုတ်လုပ်ခြင်း၊ သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်ထုတ်လုပ်ငန်းနှင့် သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော် အကျိုးစီးပွားနှင့် မိမိ အကျိုးစီးပွား မျှတစွာထားရှိရေး၊ ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာ ဆောင်ရွက်သွားရေး၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်စေရေး၊ တန်ဖိုးမြှင့်ပစ္စည်းများ ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိရေး၊ ပြည်ပဝင်ငွေ တိုးတက်ရရှိရေး၊ လုပ်ငန်းများကို ရိုးရိုးသားသား ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ခြင်း၊ သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။
(သစ်တောရေးရာ)

အမှတ်(၁၄၀) စိမ်းလဲ့သာယာလမ်း (၃၂)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးကျော်စွာ-ဒေါ်ဇင်မော်မော်၊ သား လူမော်အောင် မိသားစုက လူမော်အောင်၏ (၂)နှစ်ပြည့်မွေးနေ့အလှူ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို ဇူလိုင် ၂၀ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးသန်းအောင် လက်ခံယူစဉ်။
(က-ပ)



ဧရာဝတီနှင့် သံလွင်မြစ်ရေ ကျဆင်းနိုင်

ရန်ကုန် ဇူလိုင် ၂၈

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် လေးပေခွဲခန့်နှင့် ချောက်မြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ခုနစ်ရက်အတွင်း စိုးရိမ်ရေမှတ်များအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်သည်။

ဆေးတက္ကသိုလ်(၁) ဆရာဝန်များ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

၁၉၆၈ခုနှစ် ဆေးတက္ကသိုလ်(၁) ဝင်ခွင့်ရ ဆရာဝန်များ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် တောင်ရေ-ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တောတောင်ပျက်စီးမည်ဆိုပါက မြေလည်းပျက်၊ ရေလည်းခြောက်ခန်း
အညာအရပ်ဒေသသစ်တောများ မပျက်စီးရေးအတွက် ဒေသခံပြည်သူ

✧ **ကျောဖုံးမှ**

ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ရှေ့အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကဗျာလွတ်၊ ပဝါအကနှင့် ပန်းကုံးအကအဖွဲ့ဝင်ကျောင်းသူလေးများ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းမြို့နယ် ကိုင်း၊ဆင်ခေါင်း၊ နွားကောက်၊ တယ်ပင်တဲ၊ ကျောက်ပုံ၊ တောင်ဦး၊ လက်ပန်ဖျား၊ မကျည်းတိုင်၊ မြိုင်သာယာ၊ ဈေးကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား၁၃၅၀၀ခန့်တက်ရောက်ကြသည်။

တောင်ရေ-ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် တောင်ရေ ရေလှောင်တမံသည် မန္တလေးတိုင်း ကျောက်ပန်း တောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး၌ တည်ရှိပြီး ၁၉၆၆ခုနှစ်က တည်ဆောက်ခဲ့သည့် ကြက်မောက်တောင်ရေလှောင်တမံကို ရေကူပေးရန် တည်ဆောက်ထားသော ရေလှောင်တမံဖြစ်ကြောင်း။

ရေပိုမိုဝင်ရောက်ရေး

ကြက်မောက်တောင်ရေလှောင်တမံ၏ ရေလှောင်နိုင်သည့်ပမာဏမှာ ဧကပေ ၇၃၀၀၀ ခန့်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှစ်စဉ်ပျမ်းမျှရေစီးဝင်မှု သည် ၃၆၉၀၀ဧကပေခန့်သာရှိသည့်အတွက် ရေသိုလှောင်နိုင်အား၏ ထက်ဝက်ခန့်သာ ရေဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆည်ရေသောက်ဧရိယာအားလုံးကို ရေလုံလောက်စွာ ရေပေးဝေနိုင်မှုမရှိဘဲအကန့်အသတ်နှင့်သာ ရေပေးဝေခဲ့ရသဖြင့် ကြက်မောက်တောင်ရေလှောင်တမံထဲသို့ ရေပိုမိုဝင်ရောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ ကွင်းဆင်းလေ့လာပြီး နည်းလမ်းများရှာခဲ့ကြရာ တောင်ရေချောင်းပေါ်၌ ရေလှောင်တမံတစ်ခုနှင့် ကျောက်တံခါးချောင်းပေါ်၌ ရေလှောင်တမံတစ်ခုစုစုပေါင်းအကူရေလှောင်တမံနှစ်ခုကိုတည်ဆောက်ပြီး ဆက်သွယ်ရေးတူးမြောင်းစနစ်မှတစ်ဆင့် ကြက်မောက်တောင်ရေလှောင်တမံထဲသို့ ရေကူပေးနိုင်မည့် ဖြစ်နိုင်ခြေကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ စူးစမ်းတွေ့ရှိချက်များအရ တောင်ရေချောင်းရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံတို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရေပိုမိုဖြည့်ဆည်းပေးနိုင်

တောင်ရေချောင်းရေလှောင်တမံ၏ ကန်ပြည့်ရေလှောင်ပမာဏသည် ဧကပေ ၃၄၀၀ကျော်ရှိပြီး မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းကိုဖြတ်သည့် ရေလွှဲဥမင်မှတစ်ဆင့် ကျောက်ပုံချောင်း၊ ယင်းကျောက်ပုံချောင်းမှတစ်ဆင့် ကြက်မောက်တောင်ရေလှောင်တမံထဲသို့ရေကူရေဖြည့်ပေးသွားမှာဖြစ်သည့်အတွက် ကြက်မောက်တောင်ရေလှောင်တမံ၏ နှစ်စဉ်ရေဝင်မှုပမာဏသည် ပိုလာမှာဖြစ်ပြီး ဆည်ရေသောက်ဧရိယာများကို စိုက်ပျိုးရေ တိုးတက်ဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်ကြောင်း၊ ထို့အပြင် တည်ဆောက်နေဆဲ ကျောက်တံခါးရေလှောင်တမံ ပြီးစီးသွားမည်ဆိုပါက ကျောက်တံခါးမှရေကို တောင်ရေရေလှောင်တမံထဲသို့ ထပ်မံထည့်သွင်း သိုလှောင်ပြီး ကြက်မောက်တောင်ရေလှောင်တမံကို ရေပိုမို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း၊ ခြုံ၍ဆိုပါက ကြက်မောက်တောင်ဆည်နှင့် ရေသောက်စနစ်၏ လက်ရှိတန်ဖိုးကို ပိုမိုမြှင့်ပေးနိုင်ရေးအတွက်ယခုကဲ့သို့ရေကူရေလှောင်တမံများတည်ဆောက်ခြင်းဖြစ်ကြောင်း။

ထို့အပြင် ကြက်မောက်တောင်ရေလှောင်တမံ၏ တောင်ဘက်၌ တည်ဆောက်ခဲ့သည့် ပင်းချောင်းရေလှောင်တမံကလည်း စိုက်ဧက ၅၀၀၀ခန့်ကို ဆည်ရေအပြည့်အဝ ပေးနိုင်နေသည့်အပြင် ကြက်မောက်တောင်ဆည်ရေသောက်ဧရိယာနှင့်လည်း တစ်ဆက်တစ်စပ်တည်း ရှိနေသည့်အတွက် ကျောက်ပန်းတောင်းဒေသတောင်ဘက်ခြမ်း၏ ဆည်ရေသောက် ဧရိယာတို့သည် ပိုမိုကျယ်ပြန့်လာပြီး တောင်သူလယ်သမားများအတွက် စိုက်ရေးပျိုးရေးလုပ်ငန်းများသည် ပိုမိုအဆင်ပြေလာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းအတွင်း၌ ၁၉၈၈ခုနှစ်မှစ၍ တည်ဆောက်ခဲ့သည့် ဆည်တမံပေါင်းသည် ယနေ့ဖွင့်လှစ်လိုက်သော တောင်ရေရေလှောင်တမံအပါအဝင် ရေလှောင်တမံစုစုပေါင်း ၄၁ခု ရှိပြီး ဆည်ရေသောက်ဧရိယာဧက ၃၃၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ စုစုပေါင်း ရင်းနှီးကုန်ကျငွေကျပ်သန်းပေါင်း ၉၇၀၀ကျော်ရှိကြောင်း။

တည်ဆောက်ပြီးရေလှောင်တမံများ

မြင်းခြံခရိုင်တစ်ခုတည်းမှာပင် တည်ဆောက်ပြီးသည့် ရေလှောင်တမံများအနေဖြင့် မြင်းခြံမြို့နယ်၌ စွန်းလွန်းရေလှောင်တမံ၊ တောင်ပင်လယ်နှင့်မြောက်ပင်လယ်ရေလှောင်တမံ၊ တောင်သာမြို့နယ်၌ ကျောက်တလုံးရေလှောင်တမံ၊ ဆင်တဲ(သမက္ကူ)ရေလှောင်တမံ၊ စွန်ကန်ရေကာတာ၊ တောင်သာရေလှောင်တမံ၊ ဝဲလှောင်ရေလှောင်တမံနှင့် ကျောက်တလုံးရေကူရေလှောင်တမံ၊ နွားထိုးကြီးမြို့နယ်၌ ဓီးတောရေလှောင်တမံ၊ ငါန်းဇွန်မြို့နယ်၌ မြို့သာရေလှောင်တမံ၊ ဖောင်းကတောရေလှောင်တမံနှင့် နတ်သားတောရေလှောင်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်၌ ပင်းချောင်းရေလှောင်တမံနှင့် ယနေ့ဖွင့်လှစ်သည့် တောင်ရေရေကူပေးရေလှောင်တမံတို့ဖြစ်ကြောင်း၊ ယင်းရေလှောင်တမံ ၁၅ခုမှနေ၍ ဆည်ရေသောက် စုစုပေါင်းဧရိယာ ၃၈၃၀၃ဧက ဆည်ရေပေးဝေလျက်ရှိကြောင်း။

မန္တလေးတိုင်း၌ ဆည်တမံများအပြင် စိုက်ပျိုးရေးကို အကျိုးပြုမည့် မြစ်ရေတင်စီမံကိန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၈ခုနှင့် ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၅၂ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၇၀ ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤမြစ်ရေတင်စီမံကိန်းများက စိုက်ပျိုးမြေ၅၃၆၈၆ဧကကျော်ကို စိုက်ပျိုးရေပေးဝေနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိုးရေမျှော်ကိုးရ

မန္တလေးတိုင်း မြင်းခြံခရိုင်သည် မိုးခေါင်ရေရှားပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်ကြောင်း၊ ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဝီရိယနှင့် လုပ်အားမည်မျှပင် စိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်နေကြစေကာမူ ရေရာသေချာမှုမရှိဘဲ မိုးရေကို မျှော်ကိုးပြီး စိုက်ပျိုးလုပ်ကိုင်နေကြရသူများဖြစ်သည့်အတွက် မိုးရွာသွန်းမှုမရှိလျှင် စိုက်ထုတ်ရသည့် ဝီရိယအတိုင်း အကျိုးကျေးဇူးခံစားမှုမရဘဲ ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပူပြင်းခြောက်သွေ့သည့်အညာဒေသ စိမ်းလန်းစိုပြည်ပြီး ရာသီဥတုများမှန်ကန်လာစေရန် မြင်းခြံခရိုင်အပါအဝင် အညာဒေသစိမ်းလန်းစိုပြည်ရေးစီမံချက်ကို အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ရာ ယနေ့ကာလတွင် အညာဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ ရလဒ်ကောင်းများနှင့် ရုပ်လုံးပေါ်နေပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းမှုအားကိုရယူပြီး စီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဤဒေသ၏ အဓိကရေဝေကုန်းတန်းဖြစ်သည့် ပုပ္ပားတောင်ကိုပင်ကြည့်မည်ဆိုပါက ရှေးယခင်နှင့် မတူတော့ဘဲသစ်တော၊ သစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်လာပြီး ခန်းခြောက်သွားသည့်ရေထွက်များ၊ စိမ့်စမ်းများမှရေများ ပြန်ထွက်နေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်းများ

မန္တလေးတိုင်း၌ ဆည်တမံများအပြင် လျှပ်စစ် မြစ်ရေတင်လုပ်ငန်း၁၈ခုနှင့် ဒီဇယ် မြစ်ရေတင်လုပ်ငန်း ၅၂ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၇၀ကို ဆောင်ရွက်ပေးခဲ့။

ဤမြစ်ရေတင်စီမံကိန်းများက စိုက်ပျိုးမြေ ၅၃၆၈၆ဧကကျော်ကို စိုက်ပျိုးရေပေးဝေနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိ။

နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတသည် ရေ၊မြေ၊တောတောင်နှင့် ရာသီဥတုတို့ ဖြစ်ကြောင်း၊ တောတောင်ပျက်စီးမည်ဆိုပါက မြေလည်းပျက်၊ ရေလည်းခြောက်ခန်းကာ ရာသီဥတုများသည်လည်း ဖောက်ပြန်လာခြင်းကြောင့် အညာအရပ်ဒေသမှာရှိသည့် သစ်တောများ မပျက်စီးရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ကြောင်း၊ အထူးသဖြင့် စည်းမဲ့ကမ်းမဲ့ သစ်ခုတ်မှုများကို စုပေါင်းပြီးကာကွယ်တားဆီးကြရမှာဖြစ်ကြောင်း။

သစ်တောသစ်ပင်သယံဇာတကို ထိန်းသိမ်းကာကွယ်မှု၊ စောင့်ရှောက်မှုမရှိခဲ့ပါက နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ကျခံတည်ဆောက်ထားသည့် ရေလှောင်တမံများ၊ ဆည်များသည်ရေဝင်မှုနည်းပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေသယံဇာတတို့သည် ပိုမိုရှားပါးမည့်အလားအလာကို ကြိုတင်တွက်ဆထားကြရမှာဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တိုင်းပြည်ထူထောင်ရာ၌ နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် နေ့ညမဟူ အားကြိုးမာန်တက် အလုပ်လုပ်ပြီးတပ်မတော်ကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကူညီဆောင်ရွက်ကာ ပြည်သူလူထုကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြပါက တိုင်းပြည်တိုးတက်လာမှာဖြစ်ပါတယ်"**ဟု လမ်းညွှန်မှာကြားခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ တောင်ရေ-ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် ပင်မတမံပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

ယင်းလမ်းညွှန်ချက်နှင့်အညီ တေ
ဝန်ထမ်းများအနေဖြင့်အားကြိုးမာန်တက်
ထပ်လောင်းပြောကြားလိုကြောင်း။

အပြည့်အဝ

ထို့ကြောင့် တောင်သူလယ်သမားမျ
အခြေအနေအရ နိုင်ငံတော်၏ အဓိကသီး
ရေ၊မြေ၊ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှ
စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားလိုကြေ
တိုးတက်မှသာ တိုင်းပြည်၏ စီးပွားရေး
ဖြစ်သည့်အတွက် မြေကြီးမှ ရွှေသီးလာ
ဖြစ်ကြောင်း၊ ထို့ပြင် သီးနှံတစ်မျိုးချင်း
စေရန်လည်း ကြိုးစားလုပ်ကိုင်ကြရမှာဖြ
အပြည့်အဝစိုက်ပျိုးကြရမှာဖြစ်ကြောင်း။

မန္တလေးတိုင်းသည် နိုင်ငံတော်စီးပွား
အားကိုးပြုရသည့် တိုင်းကြီးတစ်တိုင်းဖြစ်
နှစ်တွင် အမျိုးသားစီးပွားရေးတစ်ရပ်လုံး
အချိုးအစားသည် ၁၃ရာခိုင်နှုန်းခန့်ရှိသည့်
အတက်အကျသည် နိုင်ငံတော်၏ စီးပွ
အနေအထားမှာရှိကြောင်း။

မန္တလေးတိုင်းအတွင်း၌ နိုင်ငံတော်
ကောင်းများကို ထိထိရောက်ရောက် အသ
တိုးတက်ရေးကို ပိုမိုအထောက်အကူပြုသ
ရပ်တည်ရေး၊ ဒေသခံပြည်သူများအားလုံး
မြင့်မားရေးကို ဖော်ဆောင်နိုင်စေရန်
လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြေ

နိုင်ငံတော်အစိုးရအနေဖြင့် အားသာ
အားနည်းနေသေးသည့် ပြည်နယ်၊တိုင်းမ

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် တောင်ရေ-ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တောင်ရေ ရေလှောင်တမံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် တောင်ရေ-ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင်မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

...လည်းခြောက်ခန်းကာ ရာသီဥတုများလည်း ဖောက်ပြန်လာ ...က် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်

ယင်းလမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်အားကြိုးမာန်တက် အလုပ်လုပ်ကြရန်လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

အပြည့်အဝစိုက်

ထို့ကြောင့် တောင်သူလယ်သမားများကလည်း မိမိဒေသ၏ ရေ၊ မြေ အခြေအနေအရ နိုင်ငံတော်၏ အဓိကသီးနှံ၁၀မျိုးရှိသည့်အနက် မိမိဒေသ၏ ရေ၊မြေ၊ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများကို အောင်မြင်အောင် ကြိုးပမ်းစိုက်ပျိုးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မှသာ တိုင်းပြည်၏ စီးပွားရေးတစ်ရပ်လုံးသည် ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အတွက် မြေကြီးမှ ရွှေသီးလာစေရန် အားထည့်စိုက်ကြပျိုးကြရမှာဖြစ်ကြောင်း၊ ထို့ပြင် သီးနှံတစ်မျိုးချင်း တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန်လည်း ကြိုးစားလုပ်ကိုင်ကြရမှာဖြစ်သကဲ့သို့ စိုက်ပျိုးမြေကိုလည်း အပြည့်အဝစိုက်ပျိုးကြရမှာဖြစ်ကြောင်း။

မန္တလေးတိုင်းသည် နိုင်ငံတော်စီးပွားရေးကဏ္ဍတွင် အလေးထားအားထားအားကိုးပြုရသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် အမျိုးသားစီးပွားရေးတစ်ရပ်လုံးအနေဖြင့် မန္တလေးတိုင်း၏ ပါဝင်မှုအချိုးအစားသည် ၁၃ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မန္တလေးတိုင်း၏ စီးပွားရေးအတက်အကျသည် နိုင်ငံတော်၏ စီးပွားရေးကို ရောင်ပြန်ဟပ်စေနိုင်သည့် အနေအထားမှာရှိကြောင်း။

မန္တလေးတိုင်းအတွင်း၌ နိုင်ငံတော်ကဖန်တီးပေးထားသည့်အခြေအနေကောင်းများကို ထိထိရောက်ရောက် အသုံးချပြီး နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုသည့် ဒေသကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ရေး၊ ဒေသခံပြည်သူများအားလုံး စီးပွားရေးဖြစ်ထွန်းပြီး လူနေမှုဘဝမြင့်မားရေးကို ဖော်ဆောင်နိုင်စေရန် ကုန်ထုတ်လုပ်မှုများကို ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အားသာသည့်ပြည်နယ်၊ တိုင်းများကိုရော၊ အားနည်းနေသေးသည့် ပြည်နယ်၊တိုင်းများနှင့် နယ်စပ်ဒေသများပါမကျန်

ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်လာရေး အတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော် ၊ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ယခုကဲ့သို့ပင် တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံတော်ကြီးသည် ကမ္ဘာ့ အလယ်တွင် တင့်တောင့်တင့်တယ် အစွန့်ရှည်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မှာဖြစ်သကဲ့သို့စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချမှတ်ထားသော မူဝါဒလမ်းစဉ်အတိုင်း အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တောင်ရေရေလှောင်တမံကို တည်ဆောက်ပေးသည့် သက်ဆိုင်ရာ အင်ဂျင်နီယာများ၊ဝန်ထမ်းများကိုလည်းကောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း၊ တောင်ရေရေလှောင်တမံ ရေဝင်ကောင်းအောင် ရေဝေရေလဲဒေသများအတွင်းရှိ သစ်တောသစ်ပင်များကို ထိန်းသိမ်းကာကွယ်စိုက်ပျိုးကြပါရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

အရေးပါ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားရာတွင် ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ်သုံးစွဲရေးသည် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက်သာမကဘဲ သဘာဝ၏ စိမ်းလန်းစိုပြည်မှုနှင့် လူမှုရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုအတွက်ပါ အရေးပါသည့် လုပ်ငန်းရပ်ကြီးဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဆည်တမံ၊ မြစ်ရေတင်နှင့် ရေရရှိရေး စီမံကိန်းလုပ်ငန်းများသည် အချိန်နှင့်အမျှဖြစ်ထွန်းတည်ရှိလာနေသကဲ့သို့ ဒေသဖွံ့ဖြိုးမှု အဆောက်အအုံများအဖြစ် တိုးတက်ထွန်းကားလာနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ယခု တောင်ရေ ရေလှောင်တမံကိုလည်း မြန်မာပြည် အလယ်ပိုင်း၌ တည်ရှိသည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော် အစိုးရက လယ်ယာဖွံ့ဖြိုးမှု ဆည်မြောင်းစီမံကိန်းတစ်ခု ထူထောင်ပေးလိုက်နိုင်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများကဲ့သို့ပင် ဝမ်းမြောက်မိကြောင်း။

၁၆၂ ခုမြောက်

ယခု ဖြစ်ထွန်းလာသည့် တောင်ရေရေလှောင်တမံသည် မိမိတို့ အစိုးရလက်ထက်တွင် ကျေးလက်နေပြည်သူအများစု အားကိုးအားထားပြုရာ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုဖြစ်လာသကဲ့သို့ နိုင်ငံတော်က အချိန်တိုကာလအတွင်း အဘက်ဘက်က ကြိုးဆောင်ရွက်ပေးလိုက်သည့် ၁၆၂ခုမြောက် ဆည်မြောင်းစီမံကိန်းတစ်ခု ဖြစ်တည်လာခဲ့ခြင်းလည်းဖြစ်ကြောင်း။

လယ်ယာကဏ္ဍသည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၄၂ ဒသမ ၇ ရာခိုင်နှုန်းကို ဖြည့်စွမ်းပေးနေသည့်အလျောက် လယ်ယာကိုအခြေခံသည့် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရန် တည်ဆောက်မှုအတွက် လယ်ယာကဏ္ဍကြီးကိုအားပြုထားကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည့် ဒေသအနေဖြင့် ယခုလို လိုအပ်သည့် ရေရရှိရေး ပံ့ပိုးဖြည့်ဆည်းမှုလုပ်ငန်းတစ်ခု တိုးတက်လာခြင်းသည် မန္တလေးတိုင်း၏ လယ်ယာကုန်ထုတ်လုပ်ငန်း၌ ပိုမို အောင်မြင်မှုများ စွမ်းဆောင်လာနိုင်မည်ဟု မျှော်မှန်းမိကြောင်းဖြင့် ပြောကြားသည်။

စေတနာမှတ်တိုင်

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် ခြောက်သွေ့ပူပြင်းပြီး မိုးနည်းရေရှားရပ်ဝန်းတစ်ခုဖြစ်သည့် ကျောက်ပန်းတောင်းဒေသကို ဆည်ရေဖြင့်ထာဝရ စိမ်းလန်း စိုပြည်စေရန် နိုင်ငံတော်၏စေတနာမှတ်တိုင်ဖြစ်သည့် ရေလှောင်တမံတစ်ခု ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

ဤဒေသအပါအဝင် မြန်မာနိုင်ငံ၏ မြေလတ်ပိုင်းအညာဒေသသည် မိုးခေါင်ရေရှားရပ်ဝန်းအဖြစ် တည်ရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် မိုးကုန်လျှင်ရေခန်းပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် ဘဝကြမ်းနှင့် ကြုံတွေ့ရလေ့ရှိကြောင်း၊ လူနှင့် ကျွဲနွား တိရစ္ဆာန်များအတွက် လိုအပ်သည့်သောက်သုံးရေကို ဝေးလံစွာသွားရောက်ခပ်ယူသုံးစွဲနေကြရကြောင်း၊ အများစုဖြစ်ကြသည့် တောင်သူလယ်သမားများသည် ခိုင်မာသည့် စီးပွားရေးအသွင် ရောက်ရှိမှသာ ဆင်းရဲနွမ်းပါးမှုများလျော့နည်းကျဆင်းပြီး နိုင်ငံတော်အတွက်လည်း တိုးတက်မြင့်မားလာမှာဖြစ်သည့်အတွက် ယခုကဲ့သို့ ဆည်မြောင်းတာတမံများကို စူးစမ်းလေ့လာပြီး ဒေသအနှံ့ အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာကို သဘောပေါက် နားလည်ကြသည့် တောင်သူလယ်သမားကြီးများကလည်း မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများကို မရပ်မနား စိုက်ပျိုးထုတ်လုပ်လာကြသည့်အတွက် ဆင်းရဲမှုများ လျော့နည်းကျဆင်းလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

စိုက်ပျိုးရန်လျာထား

နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စပါးစိုက်ဧရိယာများကို တိုးချဲ့ဖော်ထုတ်လျက်ရှိရာ မန္တလေးတိုင်းအတွင်း၌ ၂၀၀၃-၂၀၀၄ခုနှစ်တွင် မိုးစပါး ၆၁၄၃၀၅ ဧက၊ နွေစပါး ၁၉၂၀၉၉ဧက စုစုပေါင်း ၈၀၆၄၀၄ဧက စိုက်ပျိုးခဲ့ပြီး ယခု ၂၀၀၄-၂၀၀၅ ခုနှစ်တွင်လည်း မိုးစပါး ၇၃၁၀၂၇ဧက၊ နွေစပါးဧက ၁၈၈၀၀၀ စုစုပေါင်း ၉၁၉၀၂၇ ဧက စိုက်ပျိုးရန် လျာထားစီစဉ်ဆောင်ရွက်နေကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် မန္တလေးတိုင်းအတွင်း ယခုဖွင့်လှစ်သည့် တောင်ရေ ရေလှောင်တမံအပါအဝင် ဆည်တမံပေါင်း ၄၁ခုတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ လယ်ယာမြေဧကပေါင်း ၈၂၄၈၂၀ကျော်ကို အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း။

ပိုမိုဖြည့်ဆည်း

ယခုကဲ့သို့ မိမိတို့ဒေသအတွင်း ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေကူတမံများကို နိုင်ငံတော်အစိုးရက စေတနာတရားအပြည့်အဝဖြင့် စီမံဆောင်ရွက်ပေးနေသလို ဒေသခံပြည်သူများအနေဖြင့်လည်း တည်ဆောက်ပေးထားသည့် ဆည်တမံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနနှင့် ပူးပေါင်းပြီး သားစဉ်မြေးဆက် အကျိုးရှိစွာ အသုံးပြုနိုင်စေရန် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေကိုလည်း အလေအလွင့်မရှိအောင် အမြော်အမြင်ရှိစွာဖြင့် စနစ်တကျအသုံးချကြရန်၊ ရေဝေရေလဲ ဧရိယာအတွင်းရှိ သစ်တောသစ်ပင်များ ထာဝရတည်ရှိနေရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်းနှင့် တိုင်းပြည်၏ လယ်ယာကုန်ထုတ်လုပ်မှုကို ပိုမိုဖြည့်ဆည်းစွမ်းဆောင်နိုင်ကြစေရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်ဇော်လင်းက တောင်ရေ ရေလှောင်တမံ ဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများသည် ရေလှောင်တမံမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က တောင်ရေ ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဒေသခံပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်ရေ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကြက်မောက်တောင်ဆည်နှင့် ဆက်သွယ်ထားသည့် ဆက်သွယ်မြောင်းဥမင်အဝင်ကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆက်သွယ်တူးမြောင်းအထွက်ကိုလည်းကောင်း၊ ကြက်မောက်တောင်ဆည်သို့ စီးဝင်သည့် ကျောက်ပုံချောင်းအတွင်းသို့ တောင်ရေရေလှောင်တမံမှ ရေဖြည့်ပေးမည့်ရေမြောင်းစနစ်ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း မြောင်းတစ်လျှောက်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတောင်ရေ (ကြက်မောက်တောင်ရေကူ) ရေလှောင်တမံသည် မြေသားတမံ ဖြစ်ပြီး တမံအမြင့်မှာ ပေ၇၀၊ တမံအလျားပေ ၂၉၇၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ၃၄၃၀၊ ရေဆင်းဧရိယာ ၂၃စတုရန်းမိုင်ဖြစ်သည်။ ကြက်မောက်တောင်ဆည် ဆက်သွယ်သည့် တူးမြောင်းအလျားမှာ ၁ဒသမ၃၅မိုင်၊ ရေလွှဲဥမင် အလျားပေ၄၂၀၊ ရေလွှဲဥမင်အရွယ်အစား လေးမီတာအချင်းရှိ မြင်းခွာပုံ သံကူကွန်ကရစ်နှင့် ရေလွှဲဥမင်၏ ရေထုတ်စီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ ၂၃၀၀ ဖြစ်ကြောင်း သိရသည်။

ရေပေးဝေနိုင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်ရေ ရေလှောင်တမံရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ကျောက်တံခါးရေလှောင်တမံ၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရွှေပန်းတောဒေသစိုက်ပျိုးရေရရှိရေးအတွက် ရေထုတ်ပြွန်လုပ်ငန်း တည်ဆောက်မှု အခြေအနေ၊ ကျောက်တံခါးချောင်းကို တမံပိတ်၍ ရေသိုလှောင်မှုအခြေအနေ၊ တောင်ရေ၊ ကျောက်တံခါး၊ ကြက်မောက်တောင်ဆည် ဆည်အစုအဖွဲ့များကို တစ်ခုနှင့်တစ်ခု ဆက်သွယ်တည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆည်ရေဖြင့် ရေပေးဝေနိုင်မည့် လယ်မြေဧကများကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ဖြည့်စွက် ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

ဇူလိုင်၂၇ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ China Yunnan Corporation (For International Techno-Economic Cooperation) မှ Manager Ms.Yang Ya Ping နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးမှ Economic & Commercial Counsellor Mr.Tang Uai နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (စက်မှု-၁)

‘ဝ’ဒေသရှိ သံဃာတော်အရှင်သူမြတ်များအား သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း) ‘ဝ’ဒေသရှိ သံဃာတော်အရှင်သူမြတ်များအား သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက်တွင် ပန်ဆန်းမြို့ မဟာပံသုသိဂီ စေတီရင်ပြင်တော်ရှိ ဓမ္မာရုံ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း တက်ရောက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ တန့်ယန်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ဌာန ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇအမှူးပြုသော သံဃာတော်၃၅ပါးကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ‘ဝ’တိုင်းရင်းသားခေါင်းဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဓမ္မစကြာဝတ်အသင်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ‘ဝ’ဒေသရှိသံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း စုစုပေါင်း၁၁၃၅စုံ၊ ထီး၈၅လက်၊ သံသပိတ်အလုံး၅၀၊ ဖိနပ်၁၃၅ရန်နှင့် သီလရှင်ဝတ်စုံ ၁၈၅စုံတို့ကို လှူဒါန်းပြီး လှူဖွယ်ပစ္စည်းအစုစုတို့၏ စုစုပေါင်း တန်ဖိုးငွေမှာ ငွေကျပ် ၆၅၆၇၅၀၀ ဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်သည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း အဖွဲ့ချုပ်သို့ လှူဒါန်းသော အလှူငွေများကို လက်ခံရယူစဉ်။ (ကြေးမုံ)

ဆုချီးမြှင့်ပွဲအခမ်းအနားသို့အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုပေးပွဲ အခမ်းအနားမစတင်မီ ရှေးဦးစွာ ကရာတေးဒို အားကစားတိုးတက်ပြန့်ပွားရေးအတွက် နီပိုသမဝါယမအသင်းလီမိတက်မှ ဦးခင်မောင်စိုးနှင့် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးတင်ဇော်မင်းတို့က ငွေကျပ်သိန်း ၂၀လှူဒါန်းရာ မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ မဖူးဖူးသက် (ရန်ကုန်တိုင်း)အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကဒေါ်အေးအေးကလည်းကောင်း၊ အမျိုးသား အကောင်းဆုံးအားကစားသမားဆုရ ဇော်မင်းလတ် (ရန်ကုန်တိုင်း) အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော (မန္တလေးတိုင်း)နှင့် အမျိုးသားတံခွန်စိုက်ဆုရရှိသော (ရန်ကုန်တိုင်း)တို့အား တံခွန်စိုက်ဒိုင်းဆုနှင့်ဆင့်ပွားဒိုင်းဆုများကို ချီးမြှင့်ပေးအပ်လိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိပြီး တံခွန်စိုက်ဒိုင်းဆုကြီးကို ကိုးနှစ်ဆက်တိုက် ဆွတ်ခူးရရှိသွားသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းသရုပ်ပြဆောင်ရွက်ခြင်းကို ဇူလိုင်၇ရက်က မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်တွင် ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်သန်းသန်းနွဲ့ လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်မိခင်/ကလေး)

လှော်ကားဥယျာဉ် ဝါဆိုလပြည့်နေ့ ဖွင့်လှစ်ထားမည်

ရန်ကုန် ဇူလိုင် ၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို ဇူလိုင်၃၁ရက် (စနေနေ့) ဓမ္မစကြာနေ့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက်၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အကပဒေသာ
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်အရှေ့ပိုင်းနမ့်မွေတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let’s Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း:

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ ကျေးပင်အက်ရေလှောင်တမံ
- ၅:၄၀ ၈။ “နင်းကြည့်စမ်းပါ” (မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်) [ဒါရိုက်တာမင်းအုပ်စိုး]
- ၅:၅၀ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ မြန်မာစာ မြန်မာစကား
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း–၄၃)**
- ၇:၃၀ ၁၅။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၇:၄၅ ၁၆။ ထာဝရအလှူကုသိုလ်ယူ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဆန္ဒနှင့်ဆင်မင်းဇာတ်တော်ကြီး (တတိယဆု)(မန္တလေးတိုင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်



- ❊ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
- ❊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့ပုလဲမြို့နယ်မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

စစ်ကိုင်းတိုင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၀နာရီခွဲတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲအပ်ပွဲနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ယင်းအခမ်းအနားသို့ ကျေးရွာပေါင်း ၁၂ ရွာမှ ကျေးရွာသူ၊ ကျေးရွာသားပေါင်း ၁၄၀၀ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် လက်တောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းဆောင်သစ်ဖွင့်လှစ်လှူဒါန်းခြင်း အထိမ်းအမှတ်မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီး ဖွင့်လှစ်လိုက်သော နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်တောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးက စစ်ကိုင်းတိုင်း လက်ထောက် တိုင်းပညာရေးမှူး(စစ်ဆေးရေး)ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျေးရွာများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပါဝင်ပူးပေါင်း

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အနေဖြင့် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစသည့် လုပ်ငန်းများကိုအားလုံးနီးပါး တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ သို့ပါ၍ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးကြိုးစားစား ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လက်တောင်းကြီးအခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းပြီး အသင်း ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲအခြေခံပညာ အထက်တန်းကျောင်းအတွက်ငွေကျပ်၁၀သိန်း၊ လက်တောင်းကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များနှင့် ကျေးရွာပြည်သူများအတွက် အဝတ်အထည်များနှင့် စောင်များစသည်တို့ကိုပေးအပ်လှူဒါန်းကြသည်။

မင်းတိုင်ပင်ကျေးရွာ

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံပွဲသို့ ဆက်လက်တက်ရောက်အားပေးကြသည်။ ယင်းအခမ်းအနားသို့ ကျေးရွာပေါင်း ၂၆ရွာမှ ကျေးရွာသူ၊ ကျေးရွာသားပေါင်း ၂၅၀၀ကျော် တက်ရောက်ကြသည်။

မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းဆောင်သစ်ဖွင့်လှစ်လှူဒါန်းခြင်း အထိမ်းအမှတ် မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို အဆိုပါကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မင်းတိုင်ပင် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက စစ်ကိုင်းတိုင်း လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး) ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျေးရွာများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လိုအပ်မှုများကို တင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

လက်တွဲဆောင်ရွက်

ထို့နောက် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာပြည်သူလူထုအား အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်းသည် ကျေးလက်ဒေသများ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းစွမ်းအားဖြင့် အကောင်အထည် ဖော်ပေးနေခြင်းဖြစ်ကြောင်း၊ အလားတူ ကျန်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း နိုင်ငံတော်နှင့် ပြည်သူတို့လက်တွဲ၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ပြည်တွင်းပြည်ပ အဖျက်သမားများက ညီလာခံကျင်းပခြင်းအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားလျက် ရှိကြကြောင်း၊ သို့သော် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ အားလုံးတို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့၏ ဆောင်ရွက်မှုများ အောင်မြင်မည်သာဖြစ်ကြောင်း၊ သို့ပါ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နွယ်အင်းကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ အင်းကန်ကျေးရွာ ပြည်သူများသောက်သုံးရန် စက်ရေတွင်း တူးခအတွက် အလှူငွေကျပ်ငါးသိန်း၊ ကြက်ရင်းကျေးရွာ ရေအားလျှပ်စစ် လုပ်ငန်းအတွက် ငွေကျပ်ငါးသိန်း၊ ချောင်ဦး ကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ်သုံးသိန်း၊ အင်းကန်ကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ်သုံးသိန်း၊ အင်ကြင်းစုကျေးရွာ စာသင်ကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ရုပ်မြင်သံကြားစက် လုံးဝမရှိသေးသော ကွမ်းကိုင်းကျေးရွာနှင့် ညောင်ပင်စောက်ရွာများအတွက် ရုပ်မြင်သံကြားစက်နှစ်လုံး၊ မင်းတိုင်ပင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် မင်းတိုင်ပင်ကျေးရွာ ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုလဲမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ကျောင်းအကျိုးတော်ဆောင်များအား ကျောင်းဆောင်သစ်ကို သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင် ဆောက်လုပ်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ လေလွင့်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဝါတွင်းဥပုသ်နေ့တိုင်း တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (ဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒုတိယဝါဆိုလပြည့်၊ ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီမှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း ရွှေတိဂုံရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်း၌ဥပုသ်သည်များအား သီလပေးပြီး မွန်းလွဲ၁နာရီမှစ၍ တရားဟောကြားမည်ဖြစ်သည်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၄)၌ ယနေ့မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်နှင့် ပတ်သက်၍ အကျယ်တဝင့် ဟောပြောပို့ချသည်။
(သတင်းစဉ်)

သာသနာရေးဆိုင်ရာ လျှောက်ထား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မွန်ပြည်နယ် ဘီးလင်းမြို့ ဆရာစံရပ်ကွက် ၄ှက်ပျောတောစာသင်တိုက်ရှိ သာသနဇောတိပါလ ဓမ္မဗိမာန်တော်၌ ခမ်းနားသိုက်မြိုက် စည်ကားစွာ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘီးလင်းမြို့နယ်အတွင်းရှိဂိုဏ်းပေါင်းစုံမှ ကျောင်းထိုင်ဆရာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဗိုလ်မှူးကြီး သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်၊ ဘီးလင်းမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဘီးလင်းမြို့နယ် သံဃနာယကအဖွဲ့ (သုခမ္မာ)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဦးဆောင်သော ပရိသတ်က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

မြွက်ကြား

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ မုသင် ရွာလယ်ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓတို့က သြဝါဒကထာ မြွက်ကြားတော်မူကြသည်။

ထောက်ပံ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ စတင်ထွန်းကားရာ သုဝဏ္ဏဘုမ္မိ ဘီးလင်းမြို့နယ်အနေဖြင့် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြန့်ပွားလာစေရန်အတွက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး အမှူးပြု၍ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်စေတီတော်များဖြစ်သည့် ကျိုက်ထီးရိုးဆံတော်ရှင်၊ ဇင်းကျိုက်ဆံတော်ရှင်၊ ကေလာသ ဆံတော်ရှင်၊ မြသပိတ်ဆံတော်ရှင်၊ ကျိုက်ဒေးယျုံဆံတော်ရှင်၊ ကျိုက်ထီးဆောင်း ဆံတော်ရှင်၊ ကုသိနာရုံ ဆံတော်ရှင်၊ သက္ကထုပ မြသိန်းတန် ဆံတော်ရှင် စသည့်စေတီတော်ပေါင်း ၄၅ဆူအား ဘက်စုံပြုပြင် မွမ်းမံခြင်း၊ တောင်တက်လမ်းများ ဖောက်လုပ်ခြင်းနှင့် ဆံတော်ရှင် သာသနာပြုစခန်းပေါင်း ၄၇ခုရှိ သံဃာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့ခြင်းတို့ ပြုလျက်ရှိသဖြင့် ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံတည်တံ့ပြန့်ပွားလာခြင်းအား သောမနဿ ဖြစ်လျက်ရှိရပါကြောင်းနှင့် ကျိုက်ထီးဆောင်း ဆရာတော်ကြီးအမှူးပြုသည့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒသာသနာတော် သုံးရပ်နှင့် စေတီတော် လေးရပ်တို့ကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည့် သံဃာတော်မြတ်တို့အား ကာယ၊ ဝစီ၊ မနော ချီလျက်ရှိပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဘီးလင်းမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ကျောင်းထိုင် ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

လောင်းလှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံ ကျောင်းတိုက်ကြီး ၁၀၈ တိုက်မှ ကျောင်းထိုင်ဆရာတော်များနှင့်ပင့်သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ (သတင်းစဉ်)

ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်မှာကြား

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဇူလိုင် ၂၇ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ ကျင်းပသော F.I.B.A-Asia Referee's Clinic 2004, Jointly Conducted Ministry of Sports FIBA-ASIA and MBF တို့ ပူးပေါင်းဖွင့်လှစ်သည့် ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဘတ်စကက်ဘောဒိုင်လူကြီးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အားကစားဝန်ကြီးဌာန ဝန်ကြီးအား ဒိုင်လူကြီးလောင်း တစ်ဦးချင်းနှင့် မိတ်ဆက်ပေးပြီး ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း အမှာစကားပြောကြားသည်။

FIBA-ASIA Commissioner Col. Lee Kak Kwan က နှုတ်ခွန်းဆက် စကားပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းသို့ ဝန်ကြီးဌာနများမှ ၁၇ ဦး၊ ပြည်နယ်နှင့် တိုင်းများမှ ကိုးဦးနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ ခုနစ်ဦး စုစုပေါင်း ၃၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။ (ကြေးမုံ)

စာရင်းစစ်ချုပ်ရုံး ပထမအဆင့် သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၈

စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်း အမှတ်စဉ်(၁၉၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ ဝန်ကြီးဌာန ၃၀ ခုအောက်ရှိ ဦးစီးဌာန ၃၀ ခုနှင့် စီးပွားရေး အဖွဲ့အစည်း ၃၅ခုမှ ဝန်ထမ်း ၁၆၀ဦး တက်ရောက်သည်။ သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျုံမငေးအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၈

ကျုံမငေးအသင်း၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အသင်းတည်ရှိရာ အမှတ် (၅၇) လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၌ ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ နံနက် ၆ နာရီတွင် ပင့်သံဃာ ငါးပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၇ နာရီတွင် ဝါဆိုသင်္ကန်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ သင်္ကန်းများကို ကျုံမငေးမြို့နယ်နှင့် ကျေးရွာများရှိ ကျောင်းတိုက်များသို့ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေတို့ကို ကျုံမငေးအသင်း ဖုန်း-၂၂၇၅၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖြူးကုန်းတောရ စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ဖြူးကုန်းတောရ စာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) အမှူးထား၍ နာယက စာချစာသင်သံဃာတော်အပါး ၈၀ အား ဖြူးကုန်းသံဃာ့ဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ ခု ဒုတိယဝါဆိုလပြည့် (စနေနေ့) နံနက် ၉ နာရီတွင် ကပ်လှူမည်ဖြစ်ရာ သင်္ကန်းဒိုးစုံ တစ်စုံလျှင် ကျပ်၂၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၈

ပ-သုံးလုံး ဝိပဿနာဆရာတော် ဘဒ္ဒန္တဇောတိက(သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) (ကျမ်းပြု) သီတင်းသုံးတော်မူသော ဒဂုံမြို့နယ် အိမ်တော်ရာစေတီ ကျောင်းဝင်းရှိ ရွှေတည် လေးထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် ဖုန်း-၃၇၇၇၃၁ နှင့် ၃၇၈၁၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်းကင်းကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ မင်းကင်းကျောင်းတိုက်တွင် ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ဩဂုတ် ၁ ရက်) (တနင်္ဂနွေနေ့) နံနက်တွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကြည်ညိုသဒ္ဓါပွားနိုင်

ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲသို့ စေတနာရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။ (က-ပ)

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ရှင်စောပုလမ်း ဓမ္မစေတီ ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ပညာဝါရနှင့် ပင့်သံဃာတော်များအား နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၁၀ နာရီခွဲတွင် အလုံလမ်း သမ္မတအိမ်တော်ဝင်း ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ နေ့ဆွမ်းကပ်လှူခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအားရှင်းလင်း

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာများ ရှင်းလင်းပွဲကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုအေခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ပြန်ကြား ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဇနီး ဒေါ်တင်တင်နွယ်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၃၂၀ခန့် တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ပူးပေါင်းပါဝင်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်းစီမံချက်များအကြောင်းကို ကဏ္ဍာခွဲ၍ အကျယ်တဝင့်ရှင်းလင်းပြီး မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အမျိုးသမီးထုကြီး တစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကိစ္စများကိုလည်းကောင်း ဆွေးနွေးရှင်းလင်းသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီးဒေါ်ကြည်ကြည်ဝင်းကဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ကိုပေးအပ်ပြီး ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မဟာသိမ်တော်ကြီး ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၈

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်တွင် ဂေါပကအဖွဲ့နှင့် လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား သုံးမြို့နယ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ကျောင်းတိုက်ဆရာတော် သံဃာတော် ၁၁၀ ပါးနှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ တိုင်းသံဃနာယက အဖွဲ့ဝင်ဆရာတော်များစုစုပေါင်း အပါး ၁၅၀ တို့အားဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်ရာ အလှူရှင်များသည် ဖုန်း-၃၈၃၈၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး အမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းပါဝင်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းခြောက်ထပ်ရုံးရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တတိယထပ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဒေါ်ကြူကြူ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ်ဒေါ်သက်သက်ဆွေ၊ အဖွဲ့ဝင်ဦးလှမြင့်ဦး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်အေးအေးမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဌာနအကြီးအကဲများနှင့် ယင်းတို့၏ ဇနီးများ၊ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ စုစုပေါင်း ၂၄၄ ဦး တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေ၏ဇနီး ဒေါ်သက်သက်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွဲ့ချုပ် ဖြစ်ပေါ်လာပုံနောက်ခံသမိုင်း၊ ရည်ရွယ်ချက်(၇)ချက်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို Power Point များဖြင့် ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရေးနှင့် မိမိဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ကြကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးညွန့်ဆွေ၏ဇနီးဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်ဦးလှမြင့်ဦး၏ဇနီး ဒေါ်အေးအေးမြင့်တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လှူဒါန်းငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီအား ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းဟောပြောပွဲကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တတိယထပ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် ကျောက်ကုန်း ကျောင်းလမ်း အမှတ်(၁၅)နေ နှစ်ဖက်သော မိဘများကိုရည်စူး၍ ဦးသိန်းမောင်-ဒေါ်စိုးတင့်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ဇူလိုင် ၂၂ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

စစ်တွေမှ ကူမင်းသို့ ရေနံပိုက်လိုင်းသွယ်တန်းဖွယ်၊ အန္တရာယ်ပြွမ်းသော မလက်ကာရေလက်ကြားကို ရှောင်ရှားရန်ဖြစ်၊ မုတ်သုံမိုးကောင်း၍ မြန်မာပြည်အထက်ပိုင်း ဧရာဝတီနှင့် ချင်းတွင်း စိုးရိမ်ရေအမှတ် ကျော်နေ၊ မြစ်အောက်ပိုင်းဒေသများလည်း စောင့်ကြည့်သတိထားရမည်။ နိုင်ငံခြားနည်းပညာကို အခြေခံကာ ပြည်တွင်းနှင့် ကိုက်ညီသည့် ဆန်စက်ငယ်များ စက်မှုဇုန်များက တွင်ကျယ်စွာ ထုတ်လုပ်မည်၊ သမဝါယမလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမည်လော၊ သမဝါယမဘဏ်လီမိတက်က ချေးငွေများထုတ်ပေးမည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဟိုက်ဒရိုဂျင်သုံး မာစီဒီးကားသစ် စင်ကာပူလမ်းပေါ်ရောက်၊ စစ်တုရင်မဟာဂုရုဘော်ဘီဖစ်ရှားကို ဂျပန်က ပြည်နှင်ဒဏ်ပေးရန်ရှိ၊ ချားလ်စ်မင်းသားပထမဆုံးအကြိမ်တက္ကစီစီး၊ ကုလသမဂ္ဂအထွေထွေညီလာခံကအစ္စရေး၏ လုံခြုံရေးတံတိုင်းကို ဖြိုချရန် မဲခွဲဆုံးဖြတ်၊ ဘက်ခမ်း၏အိမ်ဝင်းထဲသို့ ကျူးကျော်ဝင်ရောက်သူဖမ်းဆီးခံရအစရှိသည့် နိုင်ငံတကာရေးရာသတင်းဆောင်းပါး စုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က-ပ)

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်က တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ်(၆)ဝိုင်းရှိ အိမ်မဲကျောင်းတိုက်၌ ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာနေယျအမှူးရှိသော သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအောင်တင်၊ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်သူ၊ မြို့နယ်သားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၀၆)

ဝါဆိုသင်္ကန်းကပ်လှူ

ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက်ရှိ အမက(၁၀)၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်နှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိမ်ကုန်းကျောင်းတိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူကြစဉ်။ (က-ပ)

ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၅၁၆/၅၁၈)နေ (ဦးသောင်းတင်၊ မြန်မာ့တိုင်ယာလုပ်ငန်း)-ဒေါ်တင်လှိုင်တို့၏ သားငယ်

မောင်ဦးဦးခိုင် B.Sc (Zool.), M.Sc (Q.)

Director (Tet Kham Construction Co., Ltd.) နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ်(၃၁)၊ အခန်း(၃၀၂)နေ ဦးတင်မောင်ချို-ဒေါ်အေးအေးငွေ (မြန်မာ့လေကြောင်း၊ အငြိမ်းစား) တို့၏သမီးကြီး

မချောချောကေခိုင် B.Sc (Zool.)

ex. stewardess M.A.I

တို့၏ ၁၅-၇-၂၀၀၄ရက်(ကြာသပတေးနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခြင်းနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့်ဇနီးအားလည်းကောင်း၊ ၂၅-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ Sedona Hotel ၌ ကျင်းပသော မင်္ဂလာဦးညစာစားပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး၊ ဌာနမှူးများနှင့်ဇနီးများ၊ မင်္ဂလာဆုံမစကား ပြောကြားပေးသော ဆက်ဆံပြန်ကြားဌာနမှူး ဦးလှမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးသော အင်ပါယာတေးဂီတအဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်ပြုပြင်ပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညွှပ်နှင့်အဖွဲ့၊ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံရိုက်ကူးပေးသော ကိုမြဝင်း (City Ray)၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဦးဦးခိုင်-မချောချောကေခိုင်

လေလံကြော်ငြာ

၁။ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိထားသော ထုခွဲအဆင့်ရောက် လျှပ်စစ်ပစ္စည်းများ၊ ဆိုင်ကယ်ပစ္စည်းများ၊ စက်ဘီးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ကားရေမွှေးအလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် သုတ်ဆေး/မှုတ်ဆေးများကို မျက်မြင်အနေအထားအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

(က) လေလံတင်ရောင်းချမည့်နေ့ရက် - ၂-၈-၂၀၀၄
(ခ) လေလံတင်ရောင်းချမည့်အချိန် - ၁၀း၀၀နာရီ
(ဂ) လေလံတင်ရောင်းချမည့်နေရာ - အကောက်ခွန်ဦးစီးဌာန၊ မဟာဗန္ဓုလလမ်းနှင့် လမ်း(၅၀)ထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၂။ လေလံပစ္စည်းစာရင်း တစ်စုံလျှင် ကျပ် ၅၀၀နှုန်းဖြင့် ၂၉-၇-၂၀၀၄ရက်နေ့မှ ၃၀-၇-၂၀၀၄ရက်နေ့အထိ ရုံးချိန်အတွင်း အကောက်ခွန်ကုန်လှောင်ရုံ၊ လှည်းတန်းလမ်း၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အခြားအချက်အလက်များနှင့် လေလံပစ္စည်းများကို မျက်မြင်ကြည့်ရှုနိုင်ပါရန် အကောက်ခွန်ကုန်လှောင်ရုံသို့ လူကိုယ်တိုင်စုံစမ်းမေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့။

မြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ
ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

1.	**Web Offset Ink**		
	(1) Black	**15000**	**kg.**
	(2) Yellow	**1000**	**kg.**
	(3) Red (Magenta)	**1000**	**kg.**
	(4) Blue (Cyan)	**1000**	**kg.**
2.	**Sheetfed Offset Ink**		
	(1) Black	**3000**	**kg.**
3.	**P/S Negative Plates**		
	(1) 915x626x0.3 mm	**1000**	**Shts.**
	(2) 889x586x0.3 mm	**4000**	**Shts.**
	(3) 685x745x0.24 mm	**600**	**Shts.**
	(4) 650x550x0.24 mm	**4050**	**Shts.**

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၈-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
မြန်ကြားရေးဝန်ကြီးဌာန
အမှတ်-၂၂၈၊သိမ်ဖြူလမ်း၊ရန်ကုန်မြို့။
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ ရွှေလောင်းမြို့နေ (ဦးအစိတ်ကို-ဒေါ်ခင်စန်း)၊ ပုသိမ်မြို့နေ (ဦးဘွန်ကျွန်း-ဒေါ်ကျူးဝါး)တို့၏မြေး၊ ရန်ကုန်မြို့၊ ၆-လမ်း၊ အမှတ်(၅၁)၊ လမ်းမတော်မြို့နယ်နေ ဦးမောင်ဝင်း-ဒေါ်သင်းသင်းမေ (အသွင်သစ် အထည်မျိုးစုံ လက်လီလက်ကားရောင်းဝယ်ရေး)တို့၏သားထွေး၊ ရန်ကုန်မြို့၊ ၅၂-လမ်း၊ အမှတ်(၁၁၅)နေ

မောင်နိုင်နိုင်ဦး နှင့်

မုတ္တမမြို့၊ ရေးစုရပ်နေ (ဦးစိန်-ဒေါ်ပြန့်မွေး)၊ မုဒုံမြို့၊ လမ်းမကြီးရပ်နေ ဦးမောင်လွင်-ဒေါ်ရွှေဆောင်တို့၏မြေး၊ ရန်ကုန်မြို့၊ ၄၉-လမ်း၊ အမှတ်(၉၆/၃)နေ ဦးလှဝေ-ဒေါ်ဝင်းမြင့်လွင်(ရိုလုံရွှေဆိုင်-1၊ Yuzana Plaza)တို့၏ တစ်ဦးတည်းသောသမီး

မလဲ့ရည်ရှား (Final Year Law) (ရိုလုံရွှေဆိုင်-2၊ Yuzana Plaza)

တို့သည် ၂၅-၇-၂၀၀၄(တနင်္ဂနွေနေ့)တွင် Sedona Hotel၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နိုင်နိုင်ဦး-မလဲ့ရည်ရှား။

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,30
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS : AUG - 3,23,28
No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP.
- 245821

ဂုဏ်ထူးဦးအောင်ခိုင်
အင်္ဂလိပ်သဒ္ဒါ နှင့် စာစီစာကုံးသင်တန်း
ESSAYS & LETTERS

အမည်ပြောင်းခြင်း

ဦးနေလင်း၏သမီးကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း တတိယတန်း(H)မှ မကေဇင်လင်းအားမသက်ထားသဉ္ဇာဟုပြောင်းလဲခေါ်ပါရန်။ **မသက်ထားသဉ္ဇာ။**

Seminar : The role of Attitude in Business
Date & Time : 31July2004 (Sat) (1:00-3:00 p.m.)
MENTOR BMC

“ရေချိုငါးဝယ်လိုသူများသို့”

၁။ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်ပိုင် မအူပင်မြို့နယ်၊ ညောင်တုန်းကျွန်း ငါးမွေးကန်များတွင် မွေးမြူထားသော အောက်ပါတစ်နှစ်သားအရွယ် ရေချိုငါးမျိုးစုံအား ဈေးပြိုင်စနစ်ဖြင့် ဖော်ယူရောင်းချသွားမည်ဖြစ်ပါသည်-

(က) ငါးမြစ်ချင်းတစ်နှစ်သား 1Kg.နှင့် အထက်၊ခန့်မှန်းကောင်ရေ ၄၀၀၀၀၀
(ခ) မြက်စားငါးကြင်း 2Kg.နှင့် အထက်၊ခန့်မှန်းကောင်ရေ ၁၀၀၀၀၀
(ဂ) ငါးခေါင်းပွ 2Kg. နှင့် အထက်၊ခန့်မှန်းကောင်ရေ ၅၀၀၀၀

၂။ အဆိုပါရေချိုငါးများအား ဝယ်ယူလိုသူများသည် နေ့စဉ်ဝယ်ယူနိုင်မည့်ကောင်ရေ၊ ပိဿာချိန်၊ ဝယ်ယူလိုသည့် ငါးအမျိုးအစား၊ အရွယ်အစားနှင့် ဈေးနှုန်းများအပြင် အာမခံငွေ တင်သွင်းနိုင်မှု ပမာဏများ ပြည့်စုံစွာဖော်ပြ၍ (၃၀-၇-၂၀၀၄)ရက်နေ့နောက်ဆုံးထားပြီး **“ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်”**တည်ရှိရာ အမှတ်(၁၈၉/၁၉၁)၊ ၅၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းအမှတ်-၂၉၁၆၉၇နှင့် ၀၉၉၉-၂၈၀၃၈တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်။

ဂျပန်ခေတ်ပြိုင်လက်ရာ ရုံ့ရုပ်အနုပညာပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဇူလိုင် ၂၈

စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်းနှင့် ကော်မတီဝင်များသည် ဇူလိုင် ၂၆ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆာကူရာတာဝါ၌ ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးတို့က ကြီးမှူးပြသမည့် ဂျပန်ရုံ့ရုပ် အနုပညာရှင်များ၏ ဂျပန်ခေတ်ပြိုင်လက်ရာ ရုံ့ရုပ်အနုပညာပြပွဲ အကြိုခင်းကျင်း ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုတာဝန်ခံ ဒုတိယအတွင်းဝန် Ms. Megumi Osugi-Stepien က မြန်မာ-ဂျပန် နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ဂျပန်ခေတ်ပြိုင်လက်ရာ ရုံ့ရုပ်အနုပညာပြပွဲ ခင်းကျင်းပြသရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဂျပန်ခေတ်ပြိုင်လက်ရာ ရုံ့ရုပ်အနုပညာပြပွဲကို ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၈ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း ဆာကူရာတာဝါအထပ်(၂၀)၌ ခင်းကျင်းပြသသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်သည်။ (သတင်းစဉ်)

ဦးအောင်ဟိန်းကျော်
Aug 1/3/7
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာ ရေးနည်း



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် - ၃၁/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၂၀ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့်အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်-

စဉ်	ဌာန	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အမှတ်(၁) သတ္တုတွင်းလုပ်ငန်း	- လက်ထောက်အင်ဂျင်နီယာ(သတ္တုတွင်း)	သတ္တုတူးဖော်ရေး အင်ဂျင်နီယာဘွဲ့	၃နေရာ
		- လက်ထောက်အင်ဂျင်နီယာ(သတ္တု)	သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့	၂နေရာ
		- လက်ထောက်အင်ဂျင်နီယာ(စက်မှု)	စက်မှု အင်ဂျင်နီယာဘွဲ့	၃နေရာ
		- လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့	၂နေရာ
(ခ)	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း	- လက်ထောက်အင်ဂျင်နီယာ(သတ္တုတွင်း)	သတ္တုတူးဖော်ရေး အင်ဂျင်နီယာဘွဲ့	၂နေရာ
		- လက်ထောက်အင်ဂျင်နီယာ(သတ္တု)	သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့	၁နေရာ
		- လက်ထောက်အင်ဂျင်နီယာ(စက်မှု)	စက်မှု အင်ဂျင်နီယာဘွဲ့	၃နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၉-၈-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉-၈-၂၀၀၄နေ့အရောက် ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/-ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉-၈-၂၀၀၄နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၁၂-၉-၂၀၀၄နေ့နှင့် ၁၃-၉-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၉-၉-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ်၊ ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
	ဦးတင်မောင် ကေ/အာရ်ဂျီအင်န်-၀၂၄၃၆၃	ဦးအောင်ဇော်မိုး ၇/ကပက(နိုင်) ၀၀၁၄၄၅ ဒေါ်အေးအေးအောင် ၁၃/နစန(နိုင်) ၀၂၅၃၇၂	တိုက်-၆ အခန်း-၁၉ ရွှေဂုန်ရိပ်မွန် အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	[illegible]	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

အမည်ပြောင်းခြင်း

ဦးအောင်မျိုးသန့်၏သား အထက (၂)ဗဟန်း၊ န၀မတန်း(က)မှ မောင်ကောင်းကျော်မင်းသန့်အား မောင်ကောင်းကျော်သန့်ဟုလည်းကောင်း၊ အဋ္ဌမတန်း(C)မှ မောင်အာကာမင်းသန့်အား မောင်မင်းသတ္တိဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဖုန်း ၀၉-၈၀-၃၁၂၂၅ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဆက်သွယ်ပေးပို့ပါရန်။

ဖုန်း-၂၉၇၂၆၄၊
ကိုသက်တင်ဦး။

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၁၈)နေ
ဦးခင်မောင်လတ်(E/E-P.C.L, Singapore)-ဒေါ်မာမာနွယ်
တို့၏သားကြီး

မောင်ဇေယျာလတ် **Final Year (Business Management)**

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကွယ်ဟိုးလမ်း၊ အမှတ်(၇၄)နေ
ဦးမြရှိန်(ကိုမြရှိန်သင်္ဘောဆေးဆိုင်)-ဒေါ်မြင့်မြင့်ခင်
တို့၏သမီးထွေး

မသဥ္ဇာရှိန် **B.A (Eco)**

တို့သည် ၂၈-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) Oriental House Restaurant တွင် နှစ်ဖက်မိဘ ဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာလတ်-မသဥ္ဇာရှိန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၃၀/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၂၀ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	**ပညာအရည်အချင်း**	**လစ်လပ်**
ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) (စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်-၂)	စက်မှုအင်ဂျင်နီယာဘွဲ့(သို့မဟုတ်) အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ (သို့မဟုတ်)လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့(သို့မဟုတ်)ဓာတုအင်ဂျင်နီယာဘွဲ့(သို့မဟုတ်)မြို့ပြအင်ဂျင်နီယာဘွဲ့(သို့မဟုတ်)ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့	၁

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၉-၈-၂၀၀၄နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉-၈-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၉-၈-၂၀၀၄နေ့ အရောက်ပေးပို့ရမည်**။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂-၉-၂၀၀၄နေ့နှင့် ၁၃-၉-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၉-၉-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မင်းဘူး(စကု)မြို့နယ်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

မအေးအေးသင်း **နှင့်** **မောင်သန်မာဦး**

ဘုရားလုရပ်၊ အမှတ်(၃)ရပ်ကွက် စကုမြို့၊ မင်းဘူး(စကု)မြို့နယ် — တွင်ခုံလုပ်ငန်း၊ အောင်ချမ်းသာရပ် အမှတ်(၂)ရပ်ကွက်၊ စကုမြို့၊ မင်းဘူး(စကု)မြို့နယ်

တရားလို **တရားပြိုင်**

အထက်ပါအမှုမှ မောင်သန်မာဦး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို မအေးအေးသင်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ ၂၀၀၄ခုနှစ် ဩဂုတ်လ(၁၂)ရက်၊ ၁၃၆၆ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် (၁၂)ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာများ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ ၁၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုချိုနှင်း(တ/၂၅၁၅)
ဒုတိယမြို့နယ်တရားသူကြီး၊
မင်းဘူးမြို့နယ်တရားရုံး။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ဗိုလ်တထောင်မြို့နယ်နေ ဦးကိုညွန့်-ဒေါ်ခင်သန်းမြင့်တို့၏သား မောင်အောင်သူရကို [၁၂/ဗတထ(နိုင်)၀၀၀၉၆၁]နှင့် ဆရာစံမြောက်အနောက် ဗဟန်းမြို့နယ်နေ ဦးဇော်မိုး-ဒေါ်ခင်စိုးစိုးတို့၏သမီး မဇာပွင့်ဖြူ [၁၂/ဗဟန(နိုင်)၀၈၅၆၅၃]တို့သည် ၁၆-၇-၂၀၀၄နေ့တွင် ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။ **အောင်သူရကို-ဇာပွင့်ဖြူ။**

(၂)လပြည့် မွေးနေ့ဆုတောင်း

သားသားလေး **"ခွဲသုတထွန်း"**၏ ၂၅-၇-၂၀၀၄ရက်တွင် ကျရောက်ခဲ့သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ဖွဲ့သတ္တိနှင့်စွမ်းရည်ပြည့်ဝသော သားကောင်းရတနာလေးဖြစ်ပါစေ။

ဘိုးဘိုး-ဘွားဘွား – ဦးအောင်စည်-ဒေါ်အေးအေးသင်း (ခေတ္တ USA)
– ဦးစောထွန်းဆွေ-ဒေါ်ကြည်ကြည်ညွန့် (ခေတ္တ Macau)
ဖေဖေ-မေမေ – ဦးထွန်းထွန်းအောင်(ခ)ကိုငြိမ်းချမ်း-ဒေါ်နေခြည်သက်ထွန်း(ခေတ္တ Macau)
ဦးဦးနှင့်အန်တီ – ဝဏ္ဏသက်ထွန်း-စန္ဒာစိုးဝင်း ဆုမြတ်သက်ထွန်း

မယ်ဆိုင်
(အမျိုးသမီးအပ်ချုပ်ဆိုင်)

စင်တီမီတာနည်းဖြင့် ကုတ်၊ ဘလောက်၊ စတိုင်ဘောင်းဘီနှင့် ဒီဇိုင်းမျိုးစုံဝတ်ဆင်လိုသူမိတ်ဟောင်းမိတ်သစ်များအတွက်(ရက်ချိန်းမှန်မှန်) အမြန်ထည်များလက်ခံချုပ်ပေးနေပါပြီ။
အမှတ် ၁၇၊ မြေညီထပ်၊ မအူကုန်းလမ်းကျယ်၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၂၉၃၃၁၀။





ရဲယိုသီးဝယ်သည်။
ဖုန်း-၆၆၆၄၇၂။

JOB OPPORTUNITIES
(For Local Service-Attractive Salary in Kyat)

We are fast moving Advertising and Marketing Company announce the job vacancies to submit the application of the following jobs.

Marketing Staff

(1) Male 10 Persons
(2) Female 10 Persons

Required Qualifications and Specifications above Post

(1) Appearance - Attractive Personality
(2) Education - Any Graduate
(3) Age - Between 23 to 27 years
(4)Experience - 3 years in Marketing Fields
(5) Language - Fluency in Spoken English is more Preferable.
(6)Travelling - Able to travel other towns and districts
(7)Height - For Boys 5'-8" Above and For Girls 5'-4" Above

Applicants must submit the applications direct to the General Manager, Youth Force Marketing Company, No-134, Sule Pagoda Road, Kyauktada Township, Yangon within 10 days from this vacancy announcement together with C.V., a very recently of applicant passport size 2 photos, photo copies of last 2 months, township labour cards and township police station recommendation and photo-copies of educational qualification.

အမည်ပြောင်းခြင်း

အဘ ဦးမိုးသူ၏သမီး ပုသိမ်မြို့ အထက(၆)၊ ဒသမတန်း(B) မှ မမြတ်ဆုဝေအား ယနေ့မှစ၍ မမိုးမြတ်မွန်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။
မမိုးမြတ်မွန်ဝင်း။

အမည်မှန်

ဦးစိုးတင့်၏သား အထက၊ ဆတ်သွား၊ ဒသမတန်း(E)မှ မောင်စောဟိန်းစိုး၏ အမည်မှန်မှာ မောင်စောသီဟစိုးဖြစ်ပါကြောင်း။
စောသီဟစိုး။

ဖခင်အမည်မှန်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်နေ မောင်သန်းဝင်းအောင် (တတိယနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၏ ဖခင်အမည်မှန်မှာ ဦးမောင်ဘို[၁၂/ရပသ(နိုင်)၀၁၅၃၉၇] ဖြစ်ပါကြောင်း။

အမည်ပြောင်းခြင်း

ဦးကျော်စိုး၏သား ဝါးခယ်မမြို့၊ အထက(၁)၊ ပဉ္စမတန်း(ဂ)မှ မောင်ဆက်နိုင်အောင်အား မောင်အောင်ကျော်ဇင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ကျော်ဇင်။**



NAING Group Construction Co., Ltd.
Cherry Oo Watch Show Room & Gallery
NAING Family Co., Ltd.
Htwe Family Co., Ltd.
NAING Myintta General Trading Co., Ltd.
NAING Group Plaster Cornices & Home Decoration Centre

တို့၏

Chairman

ဟာဂျီဦးကျော်နိုင်ဦး၏

(၂၆-၇-၂၀၀၄)နေ့တွင်ကျရောက်သောမွေးနေ့မှသည်
နောင်နှစ်ပေါင်းများစွာလုပ်ငန်းများကိုအောင်မြင်စွာဦးဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချယ်ရီဦးဝန်ထမ်းများ

ZENITH Offspring Nursery
ချစ်ခင်ကြင်နာရင်သွေးပျိုးခင်းသာ

ပြည့်ဝသော ချစ်ခြင်းမေတ္တာနှင့် အနှိုင်းမဲ့ယုယကြင်နာ အလေးထားမည့် ရင်သွေးပျိုးခင်းသာဖြစ်ပါသည်။ မြန်မာနိုင်ငံပညာရေး သုတေသန စံပြမူကြို သင်တန်းဆင်း အတွေ့အကြုံရှိ ဆရာမများကိုယ်တိုင် သင်ကြားပေးပါမည်။ အခြေခံအင်္ဂလိပ်(အရေး၊ အဖတ်၊ အပြော၊ အကြား)၊ မြန်မာ၊ သင်္ချာ၊ အင်္ဂလိပ်-မြန်မာသီချင်းများ၊ ကဗျာ၊ အက၊ ဂီတ၊ CD Rom, VCD များဖြင့် ခေတ်မီပညာသင်ကြားခြင်း၊ ပျော်ရွှင်လှုပ်ရှားအားကစား စသည်တို့ကို သင်ကြားပေးလျက်ရှိပါသည်။ အသက်(၃)နှစ်မှ (၅)နှစ်အထိ တနင်္လာမှ သောကြာနေ့အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း လစဉ် ကျောင်းသားသစ်များကို စတင်လက်ခံလျက်ရှိပါသည်။

ကျောင်းနေရာ – အမှတ်(၅၃)၊ ပထမထပ်၊ ရေကျော်လမ်းမကြီး
စုံစမ်းရန်နေရာ – Zenith CD House အမှတ်(၆၈)၊ ရေကျော်လမ်းမကြီး၊
ဖုန်း–၂၀၂၉၇၃၊ ၇၀၁၀၇၇။

ရွှေရွှေစိုးခေး အထိချုပ်လုပ်ငန်း
• (၇)ရက်အတွင်း ဝမ်းဗိုက်အဆီချပေးသည်။
☎ 525847

နိုးမြင့်မောင် ၏ သိမ်းငှက်မျက်လုံး
ထွက်ပြီ

ဒိုင်ယန်စ ပါဆိုသက်နိုးများ
(Japanese Sewing Quality)
Ph-374375
Ph-544985, 371532

TOP ☎ 243363 705877

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Accountant(B. Com., LCCI III)** (၁)ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
Computerized Accounting ကျွမ်းကျင်ရမည်။

၂။ **Tour Operation Assistant** (၂)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ပြီး အင်္ဂလိပ်ဘာသာ(သို့)ဂျပန်ဘာသာကို ရေးနိုင်၊ ပြောနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူကို ဦးစားပေးမည်။

၃။ **Office Staff** (၂)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

ရာထူးအားလုံးအတွက် အသက်(၂၅-မှ ၃၅)နှစ်အတွင်း ဖြစ်ရမည်။ လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ မျှော်မှန်းလစာကိုပါ ဖော်ပြ၍ (၂)ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Myanmar Polestar Travels & Tours Co., Ltd.
တိုက်(၂၉၃)၊အခန်း(၃)၊ ရန်အောင်လမ်းသွယ်(၂)၊ အရှေ့ရန်ကင်း၊ ရန်ကုန်။
ဖုန်း–၅၄၃၇၄၀၊ ၅၅၄၈၃၉

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

လူသုံးကုန်ပစ္စည်းလက်ကားဖြန့်ဖြူးရန် ဈေးကွက်ဖော်ဆောင်မှုမန်နေဂျာရာထူးအလုပ်ခေါ်စာ

၁။ အထက်ပါရာထူးအတွက် အမှတ်တကယ် နားလည်၊ တတ်ကျွမ်း၊ လုပ်ကိုင်နိုင်မည့် အရည်အချင်းရှိသူ(၁)နေရာ လိုအပ်နေသည်။
၂။ လုပ်ငန်းသဘာဝအရ အရောင်းမြှင့်တင်ရေး ပြည်တွင်းခရီးစဉ်များ၊ ခရီးသွားခြင်း ရှိနိုင်၍ ခရီးသွားနိုင်သူကို ဦးစားပေးပါမည်။
၃။ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာတွင် လျှောက်လွှာပုံစံလာရောက် ထုတ်ယူ၍ ပုံစံဖြည့်စွက်ပေးပို့ရန်။ အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။

"သန်းတရာပွဲရုံ၊ ဃ/၃၄၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ"

အမည်ပြောင်းခြင်း
ဒေါက်တာဂျီးနိုမောင်မောင်ကြီး၏ သမီး ကျိုင်းတုံမြို့ အထက(၂)ဆဋ္ဌမတန်း(A)မှ မနိုဝေမော်အား မမော်မော်ဆင့်ဟု ပြောင်းလဲခေါ်ပါရန်။
မမော်မော်ဆင့်။

Ph-510887
A.G.T.I (MP)

H E G

Ph. 248276, 538804

တိုက်ခန်းရောင်းရန်
၄၈လမ်း(အပေါ်)၊ ၇လွှာ၊ ၁၅'x၅၀'၊ ရေ၊ မီး၊ ကိုယ်ပိုင် Hall တိုက်သစ်၊ ညီနှိုင်းဈေး။
ဖုန်း–၂၂၁၂၀၆၊ ၀၉၅၀၀–၁၃၈၂

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဦးထွန်းထွန်းတင်	၁၂/မရက(နိုင်)၀၀၀၄၂၉	၁၃၂၁၊ ၃၇-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၁၃၂၁	ဦးအောင်သန်းမြင့်	ဂရန်သစ်
၂။	ဦးမောင်အေး	၁၂/မဂတ(နိုင်)၀၃၁၄၄၄	၂၁၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်း	ဒဂုံမြောက်	၃၄	၁၂၇၆	ဦးခင်မောင်လှ	အမည်ပြောင်း
၃။	ဒေါ်နော်ရိုစီဖော	၁၄/လပတ(နိုင်)၁၀ဂ၇၁၃	၃၃၊ ပိတောက်ပင်လမ်း	ကြည့်မြင်တိုင်	၂၆C^	V ဂ၉	ဒေါ်အောင်ကြည်+၁	အမည်ပြောင်း
၄။	ဒေါ်ရင်ရင်နု	၁၂/ဒဂန(နိုင်)၀၁၉၆၅၉	တိုက် ၁၈၊ အခန်း(၅)၊ ဦးဝိစာရအိမ်ယာ၊ ဒဂုံ	မြောက်ဥက္ကလာပ	၄-တိုးချဲ့	၁၈	[illegible]	မြေပုံကူး
၅။	ဦးမျိုးအောင်+၁	ZGN ၀၉၉၇၄၇	၄၆၃၊ ၁၂-ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၁၂	၄၆၃	ဦးပါကြီး	ဂရန်သစ်
၆။	ဒေါ်ဝင်းရီ	၉/မလန(နိုင်)၀၀၀၉၉၂	၉၇၄/က၊ ၇-ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၇	၉၇၄/က	ဒေါ်စောဟန်	ဂရန်သစ်
၇။	ဒေါ်သက်သက်	၁၂/ဥကတ(နိုင်)၀၀ဂ၉၉၆	၃၇၂/က၊ ၁၂-လမ်း၊ (၃)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၃	၃၇၂(က)	ဦးနေဦး+၁	အမည်ပြောင်း
၈။	ဒေါ်သီတာဝင်း	၁၂/မဂဒ(နိုင်)၀၁၃၇ဂ၇	၁၃၀၊ ၁၄-ရွှေပေါက်ကံ၊ မ/ဥ	မြောက်ဥက္ကလာပ	၁၅-ရွှေပေါက်ကံ	၅၀၈	ဒေါ်တင်ခ	ဂရန်သစ်
၉။	ဦးတင့်ထူးနိုင်	၆/ရဖန(နိုင်)၀၁၇၆၉၀	၇၅၊ အနောက်ဈေးဟောင်းလမ်း၊ ဗဟန်း	ဗဟန်း	၃၅CG	၃၉၂	ဦးကျော်	အမည်ပြောင်း
၁၀။	ဒေါ်စောမြတ်မွန်	၁၂/ဥကတ(နိုင်)၀၀၅၆၃၇	၆၉၀၊ မေတ္တာလမ်း၊ ၁၂ ရပ်ကွက်၊ တ/ဥ	ဒဂုံဆိပ်ကမ်း	ဂ၅	၉၉၇	ဦးတင်ညို	ဂရန်သစ်
၁၁။	ဒေါ်အာသာဝတီကျော်	၁၂/ရကန(နိုင်)၀၂၇၄၇၇	၂၅/၅၊ သိရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်း	တောင်ဥက္ကလာပ	၆	၆၂၁	ဦးသန်းထွန်း	အမည်ပြောင်း
၁၂။	ဦးလှမောင်	၁၂/ကတတ(နိုင်)၀၂၆၂၄ဂ	၁၉၊ ဦးထွန်းမြတ်လမ်း	တာမွေ	၃-B	၈-B	ဦးလှမောင်+၁	အမည်ပြောင်း
၁၃။	ဦးဆန်းဝေ	၁၂/စခန(နိုင်)၀၄၅၆၁၁	၂၄၊ မဟာဗောဓိလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၉C^	၅၀	ဒေါ်သွန်(ခ)ဒေါ်ခင်ညွန့်	မြေပုံကူး
၁၄။	ဒေါ်ခင်ထွေး	၁၂/ဗဟန(နိုင်)၀၄၇၅၀၄	A၅၀/၃၄၊ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄ တိုးချဲ့	A ၅၀	ဒေါ်မြင့်မြင့်မေ	အမည်ပြောင်း
၁၅။	ဦးပီတိန်း	CF ၃၅၄ဂ၆၆	ဂ၃၇၊ ဇာဂလမ်း၊ (၄)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၄	ဂ၃၇(က)	ကိုဂျိုကဲ၊ ဂျိမ်း	ဂရန်သစ်
၁၆။	ဒေါ်အိအိဌေး	၁၂/ဥကတ(နိုင်)၁၂ဂ၉၂၉	၁၁၇၃၊ ရွှေပြည်သာလမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၀	၁၁၇၃	ဦးဘိုချုပ်	အမည်ပြောင်း
၁၇။	ဦးကိုကိုလတ်+၁	၁၂/ဗတထ(နိုင်)၀၀၃၃၃၉	၆၇/၁၆၊ ဘီအိုစီ၊ သံလျှက်စွန်း ဗိုလ်တထောင်	ဒဂုံမြောက်	၃၁	၁၃၂	ဦးအောင်ဌေး	အမည်ပြောင်း
၁၈။	ဦးမောင်မြင့်	၃/ကကရ(နိုင်)၀၃၅၇၃၉	၆၊ မာလာမြိုင်လမ်း	ရန်ကင်း	၄-ကံဘဲ့	၁၁၇/ဃ-၃	ဒေါ်ဘောဘီ(ခ)လုံလုံအောင်	ဂရန်ခွဲ
၁၉။	ဒေါ်နန်းနန်းထွေး(ခ)ဒေါ်မျိုးအိ	၁၂/ပဘတ(နိုင်)၀၂၉၄၅၇	ဂ၉၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်	သာကေတ	၁၀-မြောက်	၁-ခ	ဦးတင်အောင်	အမည်ပြောင်း
၂၀။	ဦးကြည်စိုး	CJ ၀၁၆၀၅၂	၂၈ ၊ ၁၃၇-ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၁၃၇	၂၈	ဦးကြည်စိုး	ဂရန်သစ်

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်
ပေ ၁၃၀'x၂၂၀'၊ ဗိုလ်ချုပ်ရှာသစ်၊ သန်လျင်၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၆၇၂)၊ ဖုန်း–၂၁၂၇၃၄။

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း
"ကျင်" ရုံးခန်းအား ယနေ့မှစ၍ တိုက် (၁၈)၊ အခန်း(၀၀၃)၊ (၃)လမ်း၊ A-block ယုဇနဥယျာဉ်မြို့တော် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဖုန်း–၅၉၃၁၅၄သို့ ပြောင်းလဲဆက်သွယ်ပါရန်။

ကျေးဇူးဆပ်ပါမည်
ကျွန်မ မစီမား၏ နိုင်ငံကူးလက်မှတ်အမှတ်(၂၆၂၀၁)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။
ဖုန်း–၃၈၁၂၉၇။

နှစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ရဟန်း၊ကျောင်းမုန်ဦး၊ဒါယကာကြီး
ဦးလှမောင် အသက် (၈၃)နှစ်
ကော့သောင်းမြို့ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၉-၇-၂၀၀၄ ရက်တွင် နှစ်နှစ်ပြည့်ပြီဖြစ်သော်လည်း ယနေ့တိုင်သတိရနေဆဲလွမ်းရဆဲပါ။ ဖခင်ကြီးအတွက်ရည်စူးပြီး ပြုပြုသမျှကောင်းမှုကုသိုလ်အစုစုတို့ကိုရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။
ဇနီး ဒေါ်စိန်ကြည်နှင့် သား/သမီး မြေး/မြစ်တစ်စု။

ရောင်းရန်ရှိသည်
Inportedအထီးနှင့်အမမှ ပေါက်သော ကာကွယ်ဆေးထိုးပြီး ကျန်းမာသန်စွမ်းသော Alzationသားပေါက်များ ရောင်းရန်ရှိသည်။
ဖုန်း–၀၉–၅၀–၁၉၃၆၈။

ရောင်းရန်ကြော်ငြာစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၃၁၁

ဦးဝင်းမြိုင်(ခ)ဦးဝင်းသန်းထွန်းပါ–၃ **နှင့်** ဒေါ်သီတာအေး
ဦးဝင်းသန်းထွန်းပါ–၃

ဒီကရီရသူ **တရားရုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်–၃၁၁တွင် စရိတ်များအပါအဝင် အမွေပုံပစ္စည်း၏ နှစ်ပုံတစ်ပုံ(⅔)ကို ခွဲဝေခံစားရန်အတွက် ဒီကရီအတည်ဇာရီပြုရာ ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ် ဩဂုတ် ၃၀ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိ သိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း(သို့တည်းမဟုတ်) ကျန်ကြွင်းခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

၂။ လေလံဆွဲတက်ရာမည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်၊ ဆွဲတက်သည့် ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခု အငြင်းအခုံဖြစ်ပွားသည့် အချက်တွင် ၎င်းပစ္စည်းကိုချက်ချင်း တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်၊ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့် အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန် မသင့်လျော်ကြောင်း လေလံရောင်းချသည့် အရာရှိက (သို့တည်းမဟုတ်) ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က (သို့တည်းမဟုတ်) ၎င်းအရာရှိ ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်–၂၁၊ နည်း–၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွက် ဆွဲဝယ်သူအဖြစ်ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ငွေ ၁၀၀ိ/–လျှင် ၂၅ိ/–ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်၊ ဤကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင် ရောင်းလိမ့်မည်။

၆။ ဆွဲဝယ်သည့် ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း အခြားရုံးပိတ်ရက်နေ့ သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်သောနေ့ နောက်ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၇။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာ ကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာအသစ် ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကို ပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့်ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ်၊ ဇူလိုင် ၂၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး–၂
ရန်ကုန်တိုင်းတရားရုံး

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်–၂၃ အိမ်နှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်အမှတ်၈၃၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈စီ၊ ဧရိယာ (၀ဒသမ၀၂၉)ဧကရှိ မြေ(၎င်းဥပစာတွင် တရားရုံးနေထိုင်လျက်ရှိသည်)

ကြမ်းခင်းဈေး ငွေကျပ်သိန်း ၄၀၀ (ကျပ်သိန်းလေးရာတိတိ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ–၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၄၃

ဒေါ်ခင်သက်လွင်(ခ)ဒေါ်စန်းစန်းရီ **နှင့်** ၁။ ဌာနမှူး(မြို့တော်စည်ပင်)
၂။ဦးအောင်မြင့်(ကန်ထရိုက်တာ)၊၃။ဦးသန်းဝင်း
၄။ဦးနေဝင်းဦး၊ ၅။ဒေါ်ညွန့်ရီ၊ ၆။ဦးကိုအေး
၇။ဦးခင်မောင်မြင့်၊ ၈။ဦးခင်မောင်ဆင့်၊
၉။ဒေါ်အုရာဘီ၊ ၁၀။ မောင်ကျော်ကျော်ဦး၊
၁၁။ မစန်းစန်းဦး ၁၂။မောင်သက်နိုင်ဦး

တရားလို **တရားပြိုင်**

ဦးသန်းဝင်း၊ အမှတ်–၂၆၈/၂၇၂(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်တရားလို ဒေါ်ခင်သက်လွင်(ခ)ဒေါ်စန်းစန်းရီက နစ်နာကြေးငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၂ရက်၊ (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလ ၁၂ ရက်နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထိန်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံး ဥပဒေအမိန့်(၂၁)၊ နည်းဥပဒေ–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၂ခုနှစ်၊ တရားမဇာရီမှုအမှတ်(၁၀၀)

မြဝတီဘဏ်လီမိတက်(ရုံးချုပ်) **နှင့်** **၁။ ဦးထွန်းကြည်**
(၎င်း၏ကိုယ်စား၊ လက်ထောက် **၂။ ဒေါ်ဆွေဆွေမြင့်**
အထွေထွေမန်နေဂျာ၊ ဦးစိုင်းငြိမ်းအေး)
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်(၁၆)တွင် ၁၈–၉–၂၀၀၁ရက်စွဲပါ အပေါင်ဒီဂရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ် စက်တင်ဘာလ(၃)ရက် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော်(၄)ရက် နံနက်(၁၀:၀၀)နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပါသည်။ မှားယွင်းခြင်း/ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးရာခိုင်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရမည်။

၂၀၀၄ခုနှစ် ဇူလိုင်လ(၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်–၂၆၊ မြေကွက်အမှတ်၈၁၅၊ မြေဧရိယာ ၀ ဒသမ ၁၀၇ဧကနှင့် ယင်းမြေပေါ်ရှိ အမှတ်၆၊ ရတနာလမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့ဟုခေါ်တွင်သော R.C နှစ်ထပ်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး
ကျပ်သိန်း(၁၆၀)။

ဒေါ်မေသန်း[၉/မရတ(နိုင်)၀၃၁၆၅၇] မန္တလေးမြို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ကြေညာပါသည်။

၂၂–၆–၂၀၀၄ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၈)တွင် ဒေါ်မေသန်းကဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်–၁၂၄၊ ပထမထပ်၊ တိုက်ခန်းနှစ်ခန်းတို့ကို လက်ရှိနေထိုင်သူ ဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်းအနေဖြင့် သက်ဆိုင်ခြင်းမရှိဘဲ ဒေါ်မေသန်းနှင့်ခင်ပွန်းတို့သာ ပိုင်ဆိုင်သည်ဟုဆိုခြင်းမှာ မဟုတ်မမှန်ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ (ဦးအောင်ထွန်း)နှင့်ဒေါ်မေသန်းတို့မှာ ဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်း၏ ယောက္ခမများတော်စပ်ကြပါသည်။ ဦးကိုကိုအောင်(ခ)ကိုဇော်မြင့်ထွန်းနှင့် ၎င်း၏ဇနီး ဒေါ်သန္တာအောင်တို့ လင်မယားချင်း အခိုက်အတန့် အဆင်မပြေ ဖြစ်နေကြခြင်းအပေါ် ပြဿနာရှုပ်ထွေးကြီးမားလာစေရန် ရည်ဆောင်ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ အထူးသဖြင့် ဖော်ပြပါတိုက်ခန်းများသည် မည်သူ့တစ်ဦးတစ်ယောက်၏ မေတ္တာဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းလည်း(လုံးဝ)မဟုတ်ပါ၊ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းနှင့် ဒေါ်သန္တာအောင်တို့၏ လက်ထက်ပွားပစ္စည်းများသာဖြစ်ပါသည်။ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် မဟုတ်မမှန်ကြေညာခြင်း၊ နို့တစ်စာပေးပို့ခြင်းများကိုလည်း ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေပါသဖြင့် အမြန်ဆုံးရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ– **ညွှန်ကြားချက်အရ–**
ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း **ဒေါ်ခင်မြမြထွန်း**
အမှတ်–၁၂၄၊ ပထမထပ် **တရားရုံးချုပ်ရှေ့နေ–စဉ် ၆၉၁၀**
၅၁လမ်း၊ (၁)ရပ်ကွက် **အမှတ်–၅၀(ပ)ထပ်၊ အခန်းအေ–၁၈**
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်မြောက်ပိုင်း(၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါ အခန်းအား တိုက်ခန်းပိုင်ရှင်မှ စာချုပ်မူရင်းနှင့် တိုက်ခန်းလွှဲပြောင်းလွှာမူရင်း ပျောက်ဆုံး၍ အသစ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ မူရင်းများအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
1.	39 D4	ဦးလှမြင့်	ISN-409325

တော်ဝင်မိသားစု ကုမ္ပဏီ–အမှတ်(၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝါရှမ်း(၇၅)နှစ်
ပုလောမြို့နယ်အသင်း (နာယက) ပုလော

ပုလောမြို့အမှတ် (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဒေါ်အုန်း)၏ ခင်ပွန်း ဦးဝါရှမ်းသည် ၂၅–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကအမှုဆောင်အဖွဲ့(ရန်ကုန်)၊ နာယကအမှုဆောင်အဖွဲ့(မြိတ်)(ပုလော)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသင်(ခ)အမေသဲ(မော်ကျွန်း၊ သုဝဏ္ဏ)
အသက်(၇၀)

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏မိခင် ဒေါ်အေးသင်(ခ)အမေသဲသည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံမှူး ဦးရဲမြင့်–ဇနီး ဒေါ်ခင်ခင်အေးမိသားစုနှင့်
မြန်မာသံရုံးဝန်ထမ်းများနှင့်မိသားစုများ
မြန်မာသံရုံး၊ နယူးဒေလီမြို့။

ကျွန်တော်မကြော်ငြာပါ
အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ

* ခါးနာ၊ဒူးနာနှင့် ကျီးပေါင်းတက်သူများ (၁၅) မိနစ်အတွင်း သက်သာစေရမည်။ *လက်ကိုက်၊ လက်ကပ်နှင့် အကြောရောဂါ မှန်သမျှ အမြန်ဆုံး သက်သာစေရမည်။
* လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ်ပေးမည်။

ဦးအေးထွန်း
၅၇၊ (၄)လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊လှိုင်မြို့နယ်။
(ပါရမီလမ်းမကြီးမှ ဝင်ပါ။)

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၇၅)၊ ဂရန်မြေကွက်အား တပ်သားဌေးနိုင် မှတ်ပုံတင်အမှတ် [SKGN–၇၇၉၈၈၇]မှ အမှုတွဲအမှတ် ၀၄၃၇/၂၀၀၄–၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ် ဦးဟန်မန်–ဒေါ်ကြီးရှားတို့၏သမီး မဇာနည်မော် [၁၄/ပသန(နိုင်)၀၀၄၇၅၁]သည် မိဘဆွေမျိုး ညီအစ်ကိုများအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းနှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး သွန်သင်ဆုံးမမှုများကို မနာခံသည့်အပြင် ၁၁–၇–၂၀၀၄ရက်၌ မိမိဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)
ဦးဟန်မန် [၅/စကန(နိုင်)၁၄၈၄၁၈]၊
ဒေါ်ကြီးရှား [၅/စကန(နိုင်)၀၀၈၈၆၆]

စားပွဲနှင့် ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

ဦးလှဘော်
အသက်(၇၆)နှစ်
B.Sc (Engg:)
အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(စစ်တွေ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးသထော်ဦး–ဒေါ်စံခိုင်ဖြူတို့၏သားကြီး၊ ဦးစောလှဖြူ–ဒေါ်သိန်းဟန်၊ ဒေါ်စံလှဖြူ–ဦးစိန်ထွန်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၁၃)၊ အခန်း(၈)နေ ဒေါ်အေးရွှေ၏ခင်ပွန်း၊ ဦးကျော်ကျော်ညွန့်–ဒေါ်ဝင်းဝင်းမာ၊ ဒေါ်သင်းသင်းမာ၊ (ယာယီခွဲမှူးဗိုလ်မှူး)ဗိုလ်ကြီးလင်းကိုကို–ဗိုလ်ကြီးဒေါ်စန်းစန်းမာတို့၏ဖခင်၊ မြသန္တာညွန့်၊ လွင်မာခိုင်ထွန်း၊ အေးအေးသက်ခိုင်၊ မျိုးသန့်ကျော်တို့၏အဘိုးသည် ၂၇–၇–၂၀၀၄(အင်္ဂါနေ့)တွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁–၇–၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏ မိခင် ဒေါ်အေးသင်(ခ)အမေသဲ(မော်ကျွန်း) အသက်(၇၀)သည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းနှင့် ညီဖြစ်သူ ဦးဝင်းကြည်(မော်ကျွန်း/ရန်ကုန်သစ်) အသက်(၅၀)သည် ၂၆–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်ဝင်း–ဒေါ်စိုးမိုးသူ
ရွှေမေတ္တာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင် (၆၁)နှစ်

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်၊ သချာၤပါမောက္ခ၊ အဝေးသင်တက္ကသိုလ်(ရန်ကုန်) ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ်ဒါယကာကြီး
ဦးမြင့်ဝင်း
အသက်(၆၀)
Director Ericsson Sweden (Retired)
(ပုသိမ်)

ချစ်သူငယ်ချင်း ဦးမြင့်ဝင်း အဆင်ပြေချမ်းမြေ့လှစွာသော မိသားစုမှခွဲခွာသွားသည်မှာ တစ်လပြည့်ပြီ ဖြစ်သော်လည်း သူငယ်ချင်း ဒေါက်တာ ဒေါ်ခင်အေးမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငယ်သူငယ်ချင်းများ(ပုသိမ်)။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ်ဒါယကာကြီး
ဦးမြင့်ဝင်း
အသက်(၆၀)
Director Ericsson Sweden (Retired)
(ပုသိမ်)

ကိုမြင့်ဝင်း ပျော်ရွှင်ချမ်းမြေ့လှစွာသော မိသားစုမှခွဲခွာသွားသည်မှာ တစ်လပြည့်ပြီ ဖြစ်သော်လည်း သူငယ်ချင်းမူမူ(ဒေါက်တာခင်အေးမူ) မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဝင်းနိုင်–ဒေါက်တာခင်မာဝင်း(Esther)(UK)
ဒေါက်တာရီရီသိန်း။

ဦးအောင်ကြည် (၇၃)နှစ်
ဝပ်ရှော့ဆရာ
(စမ်းချောင်း)

ဥက္ကံမြို့နေ (ဦးသူငယ်–ဒေါ်လှတင်)တို့၏ သား၊ (၈/၄၅၇)၊ နီလာ(၅)လမ်းနေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဦးမျိုးအောင်–ဒေါ်အေးမာ၊ ဦးကိုနိုင်–ဒေါ်သီသီအောင်၊ ဦးဇစ်တာ – ဒေါ်ကြည်ကြည်အောင်တို့၏ ဖခင်သည် ၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက်တွင် ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအေး အသက်(၇၀)
(ပုဇွန်တောင်/တပ်မြေ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေရပ်ကွက်၊ အထက်ပုဇွန်တောင်ဈေးလမ်း၊ အမှတ်(၂၉)နေ (ဦးဘာဘာ–ဒေါ်ငြိမ်းရင်)တို့၏ သား၊ ဒေါ်ပု၏မောင်၊ ဦးကိုကိုကြီး (အပေါင်းလက္ခာရပ်ရှင်)–ဒေါ်လှရီတို့၏ ညီ၊ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ဦးအောင်ကင်း–ဒေါ်နော်အေးမူ(ထ–၁၊ဒေါပုံ)၊ ဦးအေးကို(ပြည်ပဆက်သွယ်ရေး) – ဒေါ်အေးအေးမွန်၊ ဦးမြင့်အောင်–ဒေါ်ခင်ဆွေအေး(လ–၄၊ဒေါပုံ)၊ မောင်ကျော်သီဟမျိုးတို့၏ဖခင်၊ မအိအိအောင် (ဒု–နှစ်၊ ပညာရေးတက္ကသိုလ်)၊ မယုယုကျော်(X-A)၊ မောင်ထက်ပိုင်(IX-B)၊မောင်ဝေဖြိုး(VI-C)၊ မမေမြတ်သူ(VI-B)၊မကြည်ဇာသိမ့်(III-B)၊ မဝင်းမြတ်မွန်(III-A၊ အထက–၄၊ ပုဇွန်တောင်)၊ မောင်ထက်ကောင်းခန့်တို့၏ အဘိုးသည် ၂၈–၇–၂၀၀၄ရက် နံနက် ၉:၁၀နာရီတွင် ကွယ်လွန်ပါ၍၃၀–၇–၂၀၀၄ (သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း(ခ)ဂျင်ကျိုက်လိုင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂၃)၊ (၄၁)လမ်းနေ (ဂျင်ကိုဟွာ–ဒေါ်အောင်ဂေ့)တို့၏ သား၊ ဂျင်တီကွန်း(ခ)ဟီးယာ(ဦးအီချွန်)၏မောင်၊ ဦးမောင်စန်း(ခ)Albert–ဒေါ်သန်းသန်း(ခ)လောင်ဂူ ရန်၊ ဒေါ်အကြူ(ခ)Alice–ဦးမြင့်ရွှေ၊ ဒေါ်ချိုချိုဝင်း–ဦးမောင်မောင်အေး၊ ဒေါ်အစွမ်(ခ)ဒေါ်လှဝင်း၊ ဒေါ်ခင်ချိုဝင်း(ခ) Lily-Ronald၊ ဒေါ်အယုန်း(ခ)ဒေါ်မြင့်မြင့်၊ (ဒေါ်တင်တင်လှ)၊ ဒေါ်မြမြဝင်း–ဦးအောင်စိုးသိန်း၊ ဒေါ်အေးအေးဝင်း–ဦးကျင်ယုံတို့၏ ဖခင်၊ မြေး၁၃ယောက်တို့၏အဘိုးသည် ၂၇–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂:၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁–၇–၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်လှိုင် (၆၆)နှစ်
တကက (ငြိမ်း)
(ကုလားတန်ကျေးရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၈)ရပ်ကွက်၊ အဲမွန်ဒရာလမ်း၊ အမှတ်(၆၇၁)နေ (ဦးငွေရ–ဒေါ်မြအေး)တို့၏ သား၊ (ဦးထင်ကျော်–ဒေါ်ငွေတင်)တို့၏ သားသမက်၊ ဒေါ်ထားထား(ကစလ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြတ်ထွန်း–မမာလာဦး၊ ကိုအေးမင်း(MADI 'ရုံးချုပ်)–မယော်ဒါထား၊ မသင်းသင်းဟန်(DMIP)တို့၏ ဖခင်၊ မြေးငါးယောက်တို့အဘိုး ဦးတင်လှိုင်(တကက၊ ငြိမ်း)သည် ၂၈–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၇–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးသာညွန့်
အသက်(၈၉)နှစ်
B.Sc., B.Ed., M.S (Ed.)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန
လက်ပံတန်းမြို့နယ်အသင်း(နာယက)
ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်
သက်ကြီးကန်တော့ခံစာပေပညာရှင်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၁၅)၊(မြေညီထပ်)နေ(ဦးအောင်ဘွား–ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးဘထင်–ဒေါ်နှင်းမေ) တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးခင်မောင်အေး(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)–ဒေါ်တင်တင်ဌေးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်တက်ထွဋ်အောင်(ပညာတန်ဆောင်)၊ မောင်သိမ်းဝေလင်း၊ မောင်ထူးနိုင်လင်း–မစုစုအောင်တို့၏အဘိုးသည် ၂၇–၇–၂၀၀၄(အင်္ဂါနေ့)နံနက်၆:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၇–၂၀၀၄ရက်ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် (၈၄)နှစ်
(ပခုက္ကူ)

ပခုက္ကူမြို့နေ (ဦးထွန်းမင်း–ဒေါ်ပု)တို့၏ သမီး၊ (ဦးအောင်ခိုင်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၁၅)၊ ကုန္တာသယလမ်း၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်နေ ဦးစိုးမြင့်(အင်ဂျင်နီယာချုပ်–ပဆင)–ဒေါ်နီနီတို့၏မိခင်၊ ဒေါက်တာမောင်မောင်ဇော်လတ်–ဒေါက်တာမြတ်နီလာစိုး၊ ကိုရဲမြတ်စိုး–မဖူးပွင့်စိုး၊ မသီတာမြတ်စိုး၊ မောင်ကျော်မြတ်စိုးတို့၏ အဘွားသည် သျှင်ပါကူအထူးကုဆေးခန်း၌ ၂၈–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၄၅နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကိုမင်းကျော်စိုး(ခ)ကိုကျော်စိုး
အသက်(၄၀)
(မြင်းခြံ)

ရန်ကုန်မြို့၊ (၃၅)ရပ်ကွက်၊ အမှတ်(၇)၊ ဗိုလ်မင်းရောင်လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဗိုလ်ကြီးခင်မောင်ကြီး)–ဒေါ်မြစန်း(ကျောင်းအုပ်ဆရာမကြီး၊ အငြိမ်းစား)တို့၏ သားကြီး၊ မယဉ်ပန်းသန့်၊ ကိုမင်းကျော်မိုးတို့၏ အစ်ကိုကြီး ကိုမင်းကျော်စိုး(ခ)ကိုကျော်စိုးသည် ၂၈–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မော်လမြိုင်ကျွန်းမြို့နယ်အသင်း
ဦးကိုကိုကြည် (၈၇)နှစ်
(မော်ကျွန်း)

မော်လမြိုင်ကျွန်းမြို့နေ (ဦးပြုံးချို–ဒေါ်စောမေ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အခန်း(၁၈)၊ လမ်း(၅၀)၊ အကောက်ခွန်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေ ရာသက်ပန်အသင်းဝင် ဒေါ်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ရာသက်ပန်အသင်းဝင်ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ညွန့်ညွန့်ဌေးတို့၏ဖခင်၊ ရာသက်ပန် အသင်းဝင် ဦးကိုကိုကြည်သည် မဟာမြိုင်အထူးကုဆေးခန်း၌ ၂၈–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) (အသင်းသားများ၊ နယ်သူ/နယ်သားများ ပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဦးတင်ရွှေ (၇၁)နှစ်
လယ်စိုက်ရှင်း(ငြိမ်း)
(ဖျာပုံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ်(၄၉၈/၄၉၉)၊ (ခေါင်းရင်းနှစ်လွှာ)နေ (ဦးဘကျော်–ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးဘခိုင်–ဒေါ်တင်လှ)တို့၏ သားသမက်၊ ဦးကိုကိုကြီး–ဒေါ်စန်းတင့်၊ ဦးမောင်မောင်–ဒေါ်လှတင့်တို့၏ ညီ/မောင်၊ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးသူရအောင် – ဒေါက်တာတင်တင်အေး၊ ဗိုလ်ကြီးအောင်သူခိုင်–ဒေါ်မဥ္ဇူအေး၊ ဒေါ်မီမီခိုင်(P.P.B, Co.,)တို့၏ ဖခင်သည် ၂၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်တင်မောင်ဆွေ(၃၃)နှစ်
CDC No-51323
O/S (MT. Setia Jaya)
SAMTA Shipmanagement Pte., Ltd. (Singapore)
B.A(History) UFL (Japanese)

ရန်ကုန်မြို့နေ (ဦးထွေး–ဒေါ်မြခင်)၊ (ဦးမြိုင်–ဒေါ်စိန်မြ)တို့၏ မြေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၆)၊ (၁)လမ်း၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်နေ ဦးချစ်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ နစခ(၃)၊ ကော့သောင်း)–ဒေါ်တင်တင်ဝင်းတို့၏ ချစ်လှစွာသောသား၊ မမာလာဆွေ[B.Sc. (Physics) MPA သုခဆောက်လုပ်ရေး]၏ ချစ်လှစွာသော အစ်ကိုသည် ၁၈–၇–၂၀၀၄ရက်တွင် သီရိလင်္ကာနိုင်ငံအနီး ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေ (၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသီခလမ်း၊ အမှတ်(၁၃)နေ (ဦးစံအုပ်)၏ ဇနီး၊ ဦးခင်မောင်ဝင်း–ဒေါ်အေးလှ၊ ဦးတင့်လွင်–ဒေါ်လှကျွေး၊ ဦးကြည်သောင်း – ဒေါ်ခင်စောလင်း၊ (ဦးကျော်အုန်း) – ဒေါ်အေးအေးမြင့်၊ ဦးမြင့်ဆွေ–ဒေါ်မြင့်မြင့်ရီ၊ ဦးလှမြင့်–ဒေါ်မိုးမိုး၊ ဦးရန်နိုင်ထွန်း–ဒေါ်တင်တင်အေးတို့၏ မိခင်၊ မြေး ၁၇ယောက်တို့၏ အဘွားသည် ၂၈–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၃၀–၇–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ်(ခ)အဟိန်
အသက်(၇၀)
နိုင်ငံခြားရပ်ရှင်(ငြိမ်း)
ယခင်ရုပ်ရှင်ကော်ပိုရေးရှင်း
(ပြည်မြို့)

ရန်ကုန်မြို့၊ အမှတ်(၁၅၄)၊ ဇေယျသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ (ဦးဝင်း–ဒေါ်မမလေး)တို့၏ သား၊ (ဒေါ်ဂျူလိုင်)၏ ခင်ပွန်း၊ ဦးမောင်မောင်သန်း၊ ဒေါ်ချယ်ရီ(ပုဇွန်တောင်ဈေး)၊ (ဦးတင့်လွင်၊ မြန်မာ့မီးရထား) – ဒေါ်သီဂီ၊ ဒေါ်ကေသီ၊ ဦးအောင်ကြီးမြင့်(SPIDER အထည်ဆိုင်)၊ မခင်လေးခိုင်–ကိုအောင်ကျော်တို့၏ဖခင်၊ မအေးဖြိုးမင်း(GTC 1st E.C၊ သန်လျင်)၊ မောင်ဇင်ကိုကိုတို့၏ အဘိုးသည် ၂၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း(ကိုပုတ်ပုတ်)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၃)လမ်း(အရှေ့)၊ အမှတ်(၃၄)နေ ဦးစိန်အေး–ဒေါ်အုံးကြည်တို့၏သား၊ ဦးအောင်မြင့်–ဒေါ်မြဝင်း၊ ဦးလှဝင်း–ဒေါ်နုနုလှိုင်၊ ဦးကျော်ဌေး–ဒေါ်အေးမျိုးတို့၏ညီ/မောင်၊ ဒေါ်ခင်မာအေး၏ အစ်ကို၊ မောင်ဇော်မျိုးအောင် (Ming Wei Navigation S-A Ltd)–မနီနီအောင်၊ မောင်ဇော်ဇော်အောင်၊ မဇာဇာအောင်၊ မောင်ကျော်စန်းလှိုင်–မဇင်မာအောင်၊ မောင်ကျော်ထွန်းအောင်တို့၏ဖခင်၊ တူ၊တူမကိုးယောက်တို့၏ ဦးလေး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉–၇–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

လက်ပံတန်းမြို့နယ်အသင်းနာယက
ဦးသာညွန့်
အသက်(၈၉)နှစ်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပညာရေးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၁၅)နေ ဆရာကြီးဦးသာညွန့်(နာယက၊ လက်ပံတန်းမြို့နယ်အသင်း)သည် ၂၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉–၇–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းသူ၊ အသင်းသားများ ပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
ဦးတင်ရွှေ (၇၁)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ်(၄၉၈/၄၉၉)နေ အသင်းဝင် ဦးတင်ရွှေသည် ၆–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပြီး ၃၀–၇–၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များပို့ဆောင်ကြပါ။

(နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးတင်ဝင်း (၆၃)နှစ်
(တောင်ကြီး)

မလှိုင်မြို့နေ (ဦးဟေလာဟီး–ဒေါ်ခ)တို့၏ သား၊ (ဦးထွန်းတင်)–ဒေါ်ပြုံးတို့၏ သားသမက်၊ ဦးဟန်မက်–ဒေါ်ခင်အေး၊ ဦးဘချား–ဒေါ်သန်းမြင့်၊ ဦးအုန်းရွှေ–(ဒေါ်ချိုတီး)၊ (ဒေါ်ကီကီ)တို့၏ ညီ/မောင်၊ ဦးမောင်အေး၊ ဒေါ်ချိုတီး၊ ဒေါ်ပုတို့၏ အစ်ကို၊ ဒေါ်ငွေညွန့်(စိမ်းမြည်ပိကဖီး၊ တောင်ကြီး)၏ ခင်ပွန်း၊ မမြမြဦး(မြန်မာ့သြဘာ)၊ ကိုသန်းဝင်းအောင်၊ မဝါဝါ၊ ကိုထွန်းထွန်း၊ မသီတာဝင်း၊ မောင်တိုးတိုးအေး၊ မလှလှဝင်း၊ မောင်ကျော်လင်း၊ မောင်သိန်းဇော်၊ မပန်းနု၊ မောင်မျိုးအောင်(ငွေမိုးစက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်)တို့၏ဖခင်သည် ၂၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မကေဇင်ဇင်ဦး(ခ)မသဲသဲ
အသက်(၁၈)နှစ်
ဒု–နှစ်၊ ရူပဗေဒ အဝေးသင်
ပုသိမ်တက္ကသိုလ်
(ကျုံမငေး)

ကျုံမငေးမြို့၊ သီရိဟေမာလမ်းနေ (ဦးထွန်းခင်)–ဒေါ်ခင်လှိုင်တို့၏ မြေး၊ (ဦးစိုးမြင့်)–ဒေါ်ခင်မေဦး(ကျောင်းအုပ်ဆရာမကြီး၊ စက်ရုံ၊ အလက)တို့၏ ချစ်လှစွာသော သမီး၊ ဦးမြင့်ဦး–ဒေါ်ခင်ဆွေဦး(အထက၊ ကျုံမငေး)တို့၏ တူမ/သမီး၊ မချယ်ရီဦး၊ မယုယုနွယ်၊ ဗိုလ်မှူးသက်အောင်ဇင်၊ မအိအိမွန်၊ မမေဖြိုးအောင်တို့၏ ချစ်လှစွာသော ညီမလေး မကေဇင်ဇင်ဦး(ခ)မသဲသဲသည် ၂၄–၇–၂၀၀၄ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားပါ၍ ၂၆–၇–၂၀၀၄ (တနင်္လာနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ပုသိမ်မြို့တွင် ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော မကေဇင်ဇင်ဦး(ခ)သဲသဲ(ဒု–နှစ်၊ ရူပဗေဒ၊ အဝေးသင်၊ ပုသိမ်တက္ကသိုလ်) မကွယ်လွန်မီနှင့် ကွယ်လွန်ပြီး ကူညီခဲ့ကြသော ပုသိမ်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ရူပဗေဒဌာနမှ ဆရာ၊ ဆရာမများ၊ တိုင်းပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကန်သာဦး၊ ရွှေသံလွင်နှင့် ရွှေမြင့်မိုရ်အဆောင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသူများ၊ ဒု–နှစ် အဝေးသင်ကျောင်းသား၊ ကျောင်းသူများ၊ ပုသိမ်ကရုဏာနာရေးကူညီမှုအသင်း၊ မကွယ်လွန်မီ ဆေးရုံသို့ပို့ဆောင်ပေးခဲ့သော ပုသိမ်လေယာဉ်ကွင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုသိမ်ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ ဝါးခယ်မမြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းသူ၊ အသင်းသားများ၊ ကျုံမငေးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အသင်းအလုပ်အမှုဆောင်များနှင့် ကျုံမငေးမြို့မှ ရပ်မိရပ်ဖများ၊ အထကကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ စက်ရုံအလကမှ မိဘဆရာ၊ ကျောင်းအကျိုးဆောင်လူကြီးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများ၊ ကျုံမငေးမှ ကွယ်လွန်သူ၏ သူငယ်ချင်းများ၊ ဝမ်းနည်းကြေကွဲမှုကို မျှဝေခံစား နှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ မင်္ဂလ(ညောင်တုန်းကမောင်ဖုန်း)
ဇေယျဓမ္မတောရကျောင်းဆရာတော်
သိက္ခာတော်(၃၀)၊ သက်တော်(၈၅)နှစ်

ပဲခူးမြို့နယ်၊ ဘဏ္ဍာကုန်းကျေးရွာ၊ ချမ်းမြေ့ရိပ်သာ၊ ဇေယျဓမ္မတောရကျောင်းတိုက်၏ ပဓာနမဟာနာယက ဆရာတော်ဘဒ္ဒန္တမင်္ဂလသည် (၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ရက်) ၂၄–၇–၂၀၀၄ (စနေနေ့) နံနက် ၂:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း ကျောင်းဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဝိဋကတ်သုံးပုံ ဒါယကာကြီး
ဦးကိုကိုကြည် (၈၇)နှစ်
(မော်ကျွန်း)

မော်လမြိုင်ကျွန်းမြို့နေ (ဦးပြုံးချို–ဒေါ်စောမေ)တို့၏ သားကြီး၊ (ဦးမောင်ဟန်–ဒေါ်ချစ်)တို့၏ သားသမက်၊ ဦးကိုကိုရီ–ဒေါ်ကြည်၊ ဦးတင်စိန်–ဒေါ်စန်းရင်တို့၏ အစ်ကိုကြီး၊ အခန်း(၁၈)၊ လမ်း(၅၀)၊ အကောက်ခွန်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်အေးသိန်း၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ(အကောက်ခွန်)၊ ဒေါ်ညွန့်ညွန့်ဌေး–(ဗိုလ်မှူးစိုးနိုင်)တို့၏ ကျေးဇူးရှင်ဖခင်၊ မဇွန်သစ်နိုင်(ဓာတုဗေဒ နောက်ဆုံးနှစ် U.D.E)၊ မမြတ်သဇင်နိုင် (ဒု–နှစ်၊ စီးပွားရေးတက္ကသိုလ်)တို့၏ အဘိုးသည် မဟာမြိုင်အထူးကုဆေးခန်း၌ ၂၈–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညာစိန် (၈၆)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၃၇)နေ (ဦးကြူအစ်–ဒေါ်ငြိမ်းမေ)တို့၏ သမီး၊ (ဦးကြူစိန်–ဒေါ်ကြည်စိန်)တို့၏ ညီမ၊ (ဦးဂင်ကြူ)၊ ဒေါ်သန်းကြည်တို့၏ အစ်မ၊ ဦးကျော်သန်း၊ (ဒုတိယဗိုလ်မင်းစိန်)၊ ဒေါ်လှလှဝင်း၊ (ဒေါ်စုစုကြည်)၊ ဦးတင်ထွန်း–ဒေါ်မြင့်မြင့်စိန်(အာမခံ)၊ ဦးကျော်ဦး–ဆွေဒေါ်ဌေးဌေးကြည်၊ ဦးလှဝင်း–ဒေါ်စန်းစန်းကြည်၊ ဦးလှမောင်–ဒေါ်ခင်မာဝင်း၊ ဦးရဲမြင့်–ဒေါ်သန်းသန်းအေး၊ ဒေါ်ညွန့်ညွန့်ဝင်း(မြဝတီဘဏ်)တို့၏ ကြီးတော်၊ မောင်အောင်မြင့်ထွန်း(အာမခံ)၏အဘွား၊ မြေး ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈–၇–၂၀၀၄ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးပါ (၈၄)နှစ်
(ကမာစဲ)

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲရွာနေ (ဦးမြတ်ကျော်–ဒေါ်ပို)တို့၏ သား၊ အမှတ်(၉)၊ သုဒဿနလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်နေ ဒေါ်ခင်၏ ခင်ပွန်း၊ ဦးနိုင်ဦးခင်–ဒေါ်သန်းသန်းအေး၊ ဦးတင်မောင်နိုင်–ဒေါ်ပိုက်ပိုက်(KOL Global Co., Ltd.)၊ (မောင်မျိုးအောင်ကျော်)၊ မဥမ္မာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၇–၇–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆလိုင်းအဲလ်ဂျေထန်ဘိခ်
B.Sc. (Zool)၊ဒဂုံတက္ကသိုလ်(၂၀၀၄)
အသက်(၂၄)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့၊ စန်ဘောင်ရပ်ကွက်နေ (ဦးဂျေဆာကီး)–ဒေါ်ရိုင်ဇန်းတို့၏ သား၊ မိုင်ရိုစီခင်၊ မိုင်လီလီခင်၊ ဆလိုင်းထန်ကီးမာန်တို့၏ ညီ/မောင်၊ မိုင်နီနီထွေး၊ မိုင်ပါရ်ဆင်း၊ မိုင်ပါရ်နန်း၊ မိုင်ငိုင်ဒိန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၁၁၈၈)၊ မင်္ဂလာသုခလမ်း၊ (၄၆)ရပ်ကွက်နေ ဦးဆန်နီ(Mi Hre)၏တူ ဆလိုင်းအဲလ်ဂျေထန်ဘိခ်သည် မတူပီမြို့တွင် ၂၇–၇–၂၀၀၄ (အင်္ဂါနေ့) နံနက် ၆နာရီ၌ ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်းနှင့်
ရက်လည်ဆွမ်းကျွေးတရားနာဖိတ်ကြားခြင်း
ဒေါ်လှမြင့် (၆၈)နှစ်

တိုင်းရင်းဆေးဆရာကြီး ဦးဟန်မင်းအောင်၏ ဇနီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၇)၊ အုန်းတော(၂)လမ်း၊ အမှတ်(၂/၆၂)နေ (ဒေါ်လှမြင့်)၏ ၂၆–၇–၂၀၀၄ရက် ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ နှစ်သိမ့်အားပေးကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀–၇–၂၀၀၄ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဦးအောင်ငွေ (၄၉)နှစ်
ကြီးကြပ်ရေးမှူး(စီမံခန့်ခွဲရေး)
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
(မင်းလှမြို့၊ ပဲခူးတိုင်း)

ရန်ကုန်မြို့နေ (ဦးမြင့်သန်း)–ဒေါ်ညွန့်ညွန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၁၄)၊ အခန်း(၁၀)၊ စက်မှု(၁) ဝန်ထမ်းအိမ်ရာ၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်မေဦး (ကုန်သွယ်/လယ်ယာရုံးချုပ်၊စီမံဌာန)၏ခင်ပွန်း၊ ဦးစိုးအောင်(ဘဏ်ခွဲ–၆)–(ဒေါ်ဌေးဌေး)၊ ဦးတင်ထွန်းအောင်–ဒေါ်သန်းသန်းအေး၊ ဦးမြင့်သော်–ဒေါ်ရီရီသန်း(စီးပွားရေးဘဏ်၊ ရုံးချုပ်)တို့၏အစ်ကို၊ မမေမီသွယ်(City Mart Yankin)၊ မမေဇင်ခိုင်၊ မောင်သက်အောင်၊ မဆုပြည့်အောင်၊ မယွန်းသီရိအောင်၊မမြတ်စုအောင်တို့၏ ဘကြီးသည် ၂၈–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ငွေ (၄၉)နှစ်
ကြီးကြပ်ရေးမှူး(စီမံခန့်ခွဲရေး)
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
(မင်းလှမြို့၊ ပဲခူးတိုင်း)

ပဲခူးတိုင်း၊ မင်းလှမြို့နေ (ဦးတင်မောင်–ဒေါ်တင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြင့်သန်း)–ဒေါ်ညွန့်ညွန့်တို့၏ သားသမက်၊ မင်းလှမြို့နေ ဦးဝင်းစိန်–ဒေါ်ရီရီမြင့်၊ ဦးဝင်းထိန်–ဒေါ်မြမြထွေး၊ ဦးဝင်းမြင့်–ဒေါ်ပြုံး၊ ဦးအေးသောင်း–ဒေါ်ပိုင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်ဌေး–ဒေါ်ကေသီ၊ (ဦးလှတိုး)–ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ဝင်း–ဒေါ်ဌေးဌေးလှိုင်၊ ဦးကျော်ထွန်း–ဒေါ်အေးအေးမော်တို့၏ ညီ/မောင်/အစ်ကို၊ ရန်ကုန်မြို့၊ တိုက်(၁၄)၊ အခန်း(၁၀)၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာနေ ဒေါ်တင်မေဦး(ကုန်သွယ်/လယ်ယာရုံးချုပ်၊ စီမံဌာန)၏ ခင်ပွန်း၊ ဦးအောင်ငွေသည် ၂၈–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဂျိုးဇက်(ခ)မောင်မြသန်း
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ်(၂၇၈/ခ)နေ ဆရာဦးဂါဗြီအဲလ်–ဒေါ်နှင်းရီ(ခ)ဖီလိုမီးနားတို့၏ သား၊ စီစီလျား(ခ)အေးအေးလွင်၊ ရီစလင်းမြင့်ဦးလွင်–ကိုလှမျိုးအောင်၊ ခရစ္စတိုဖာငွေစိုး–နန့်မာဂရက်၊ နီနီသွယ်ထွန်းတို့၏ ညီ/မောင်၊ အဲလစ်ဇဘက်စိန်စိန်လွင်–ကိုကျော်ဦး၊ ဒါနီးအဲလ်အောင်ထွေးလွင်တို့၏ အစ်ကို၊ မေရီအန်းဖြူဖြူသင်း၊ ဟင်နရီလင်းဘသန်းတို့၏ ဦးလေးသည် ၂၈–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှား ကျန်းမာရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Datuk Dr. Chua Soi Lek **အား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Cheah Sam Kip လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်ရေ ရေလှောင်တမံ ဖွင့်လှစ်

ကြက်မောက်တောင် ရေလှောင်တမံကို ရေကူရေဖြည့်၍ တန်ဖိုး ပိုမိုမြင့်ပေးနိုင်

ကျောက်ပန်းတောင်းတောင်ဘက်ခြမ်း ဆည်ရေသောက်ဧရိယာပိုမိုကျယ်ပြန့်ပြီး စိုက်ရေးပျိုးရေး အဆင်ပြေလာမည်

မန္တလေးတိုင်းအတွင်း ဆည်တမံပေါင်း ၄၁ ခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ဧက ၈၂၄၈၂၀ ကျော် အကျိုးပြုနိုင်ပြီ

ရန်ကုန် ဇူလိုင် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ ဆောက်လုပ်ပြီးစီးသွားသော တောင်ရေ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကား ပြောကြားပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲ ကျေးရွာအနီး တောင်ရေချောင်းပေါ်၌ ဆောက်လုပ်ပြီးစီး ဖွင့်လှစ်လိုက်သော တောင်ရေ ရေလှောင်တမံကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ (သတင်းစဉ်)